# စံကျော်၏အရိပ်

ကုန်သည်လမ်း အစိုးရဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းရှိန်သည် လူအေးတစ်ယောက်ဖြစ်သည့်အတိုင်း အခြားအရာရှိများကဲ့သို့ အပျော်အပါးလိုက်စားခြင်း မရှိပဲ နံနက် ၁၀ နာရီတွင် ရုံးသို့ရောက်လာခြင်း၊ ညနေ ၅ နာရီတွင် အိမ်သို့ပြန်ရောက်ခြင်းဖြင့် အေးအေးဆေးဆေး နေထိုင်ခဲ့သူဖြစ်လေသည်။ ဇနီးဖြစ်သူ မိမိကြီးမှာလည်း အိမ်အလုပ်ဝတ္တရားနှင့် ဧည့်ဝတ်စောင့်ဝတ်ပြုခြင်းတစ်ပါး မင်းခမ်းမင်းနားနှင့်ပါတီများကိုအရောက်အပေါက် နည်းပါးသူဖြစ်သည်။

သူတို့နေထိုင်သောအိမ်မှာ ဘုန်းကြီးလမ်းရှိ နှစ်ထပ်တိုက်၊ တိုက်ပိုင်ဖြစ်၍ ကမ်းနားဘက်သို့ ရှုမျှော်၍ ကြည့်သော် သင်္ဘောများ ဆိုက်ကပ်ရာသို့ ကောင်းစွာမြင်နိုင်လေသည်။

အခြား အိမ်သားများမှာ ဦးဝင်းရှိန်၏ ညီအရင်းတစ်ယောက်၊ ညီမဝမ်းကွဲတစ်ယောက်နှင့် ထမင်းချက်အစေခံ လင်မယား(၂)ယောက်ဖြစ်၏။

ညီအရင်း မောင်ဝင်းစိန်မှာ အသက်(၂၀)မျှသာရှိသေး၍ အင်တာအောင်ပြီးနောက် ရှေ့သို့ဆက်မသင်သေးပဲ မန်

တျာကျောင်းတွင် မိမိဝါသနာပါသော ပန်းချီပညာကို လေ့လာသင်ကြားလျှက်ရှိ၏။ ညီမဝမ်းကွဲတင်တင်စိန်မှာမူ မက်သဒစ်ကျောင်းမှ ၁၀ တန်းအောင်ပြီးနောက် အလုပ်တစ်ခုတရာ မလုပ်သေးပဲ အစ်ကိုအစ်မများ၏ အိမ်ထောင်ကိုကူညီကာ ၎င်းတို့နှင့်အတူ အေးချမ်းစွာနေထိုင်လျှက်ရှိလေသည်။ ဦးဝင်းရှိန်ဇနီးမောင်နှံတို့မှာ သားသမီးမထွန်းကားသဖြင့် ညီအငယ်ဆုံးမောင်ဝင်းစိန်နှင့် ညီမ မတင်တင်စိန်ကိုသာ သံသံမဲမဲ ချစ်ခင်လျှက်ရှိကြလေသည်။

ထိုအချိန်၌ တင်တင်စိန်မှာ အသက် ၂၃ နှစ်မျှရှိခဲ့လေပြီ။ အင်္ဂလိပ်ကျောင်းထွက် ပညာတတ် မိန်းကလေးတစ်ယောက်ပင်ဖြစ်သော်လည်း အခြားအင်္ဂလိပ်စာတတ် ခေတ်ဆန်သူများကဲ့သို့ "ဆိုရှယ်" မကျလှဘဲ၊ အိမ်မှုကိစ္စကို လုပ်ကိုင်ထိန်းသိမ်းရခြင်းသည်ပင် မိမိ၏အလုပ်ဝတ္တရားတစ်ခုဖြစ်သည် ဟု ယူဆ ထားသူ ဖြစ်၏။ ရုပ်ရည်အားဖြင့် အသား ညိုစိမ့်စိမ့် ယဉ်စဖြင့် တမျိုးတဖုံ ကြည့်ရှုကောင်းသည်။ အလုပ်မှပြန်လာသော ဦးဝင်းရှိန်သည် ဇနီး၏ မျက်နှာကိုလည်းကောင်း၊ အချင်းချင်းအကဲလဲတကင်း ပြုံးပြောဆိုရှုံ နေသော ညီမနှင့် ညီငယ်ကိုလည်းကောင်း၊ မြင်ရသောအခါ အမောပြေရှုံသွားတတ်၏။ ဤသို့ဖြင့် ဦးဝင်းရှိန်မှာ လခစား တစ်ယောက်၏ အနေနှင့် ပစ္စည်းဥစ္စာပင် ကြွယ်ဝချမ်းသာခြင်း မရှိသော်လည်း သူ့အိမ်ထောင်မှာ သာယာစိုပြေသော အိမ်ထောင်ကလေး ဖြစ်သဖြင့် နှစ်သိမ့်ကျေနပ်လျှက် ရှိတော့၏။

သို့သော် အိမ်ထောင်တို့မည်သည် မည်မျှပင် ပစ္စည်းဥစ္စာနှင့်ပြည့်စုံသည်ဖြစ်စေ၊ မည်မျှပင်သာယာစိုပြေသည်ဖြစ်စေ





စိတ်ကို အနည်းနှင့်အများ နှောင့်ယှက်တတ်သော အကြောင်းခြင်းရာကလေးများသည် ကံမကောင်း အကြောင်းမသင့်သော အခါများ၌ တခါတရံ ဘွားကနဲ ပေါ်ပေါက်လာတတ်၏။

တင်တင်စိန်မှာ ရန်ကုန် ရေဝန်ရုံးမှ ဆိပ်ကမ်းအကောက်အရာရှိကလေး ကိုကျော်တင့်ဆိုသူနှင့် မေတ္တာသက်ဝင်လျှက်ရှိရာ အစ်ကိုဖြစ်သူ ဦးဝင်းရှိန်နှင့်အစ်မ မိမိကြီးတို့ကလည်း သဘောတူညီ၏။ မောင်ဝင်းစိန်ကလည်း သဘောကျ၏။ ဤသို့ဖြင့် ကိုကျော်တင့်မှာ တင်တင်စိန်တို့အိမ်သို့ မကြာခဏ အလည်အပတ်လာရောက်တတ်လေသည်။

ကျွန်ုပ်တို့ရေးသား ဖေါ်ပြသောအချိန်မှာ ပြာသိုလဖြစ်သဖြင့် မောင်ကျော်တင့်နှင့်တင်တင်စိန်တို့သည် ယခုနှစ် ဝါမဆိုမီ လက်ထပ်ရန် ရည်ရွယ်ထားကြလေသည်။ ဦးဝင်းရှိန်တို့ အိမ်သားတစ်စုကလည်း ထိုအစီအစဉ်ကို သဘောတူညီခဲ့လေသည်။

သို့သော် ယခုလောလောဆယ် အားဖြင့်မူ မောင်ကျော်တင့်မှာ ခရီးထွက်ရန် ကိစ္စတစ်ခုရှိနေသဖြင့် လက်ထပ်မည့်အရေးကို မစဉ်းစားနိုင်သေးချေ။

* * * * *

ထိုအချိန်မတိုင်မီ လွန်ခဲ့သော ၁၅ ရက်ခန့်က "ရွှေစင်ယော်" ခေါ်စက်လှေကြီးတစ်စင်းသည် ခရီးသည် ၅၀ ခန့်တင်ဆောင်ပြီးလျှင် ရန်ကုန်မြို့ ဘုန်းကြီးလမ်းတံတားမှ မြိတ်မြို့သို့ထွက်ခွာသွားရာ လှေထွက်ပြီးနောက် ၇ ရက်အကြာတွင် လှေကြီးမှာ မြိတ်မြို့သို့မရောက်ပဲ ပျောက်ဆုံးလျှက်ရှိကြောင်း သတင်းစာများထဲ၌ ပါလာတွေ့မြင်ရ၏။ နောက်တစ်

နေ့ ဆက်လက်၍ သတင်းစာများ၌ မြိတ်မြို့ သတင်းထောက်မှ ရိုက်ကြားလိုက်သော ကြေးနန်းသတင်းကို အောက်ပါအတိုင်း ဆက်လက်ဖော်ပြရပြန်လေသည်။

"ရွှေစင်ယော် စက်လှေကြီးမှာ လွန်ခဲ့သော ဗုဒ္ဓဟူးနေ့ ညနေက "ဇေး" အပိုင်ကမ်းခြေမှ (၁၀) မိုင်ခန့်မျှကွာဝေးသည့် ကျွန်းကြီးအနောက်ဘက် ၂ မိုင်ခန့်အကွာ သောင်ကြီး၏တောင်ဘက်တွင် တံငါလှေတစ်စင်းက မြင်လိုက်ရကြောင်း၊ သို့သော် မကြာမီ မှန်တိုင်းအတွင်း တဖြည်းဖြည်း ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရ၏။ လှေကြီးမှာ တန်ချိန် ၇၀ ခန့်ရှိ၍ ဆန်အိတ် ၅၀၀ ကျော်နှင့် ဆီပုံးများပါရှိပြီးလျှင် ခရီးသည်အချို့၌လည်း ရွှေငွေပစ္စည်းဘဏ္ဍာတော်များများ ပါရှိသည်ဟု သက်ဆိုင်ရာလူများနှင့် နီးစပ်သူများထံမှ ကြားသိရကြောင်း၊ ယခုအခါ ပျောက်ဆုံးလျက်ရှိသော လှေကြီး၏ကံကြမ္မာကို အမျိုးမျိုးတွေးတောလျက်ရှိကြကြောင်း။"

အထက်ပါ သတင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့ပေါ်မှ အကျိုးပတ်သက်သည့် လူအချို့နှင့် ဆွေမျိုးညာတိတစ်စုသည် စက်လှေတစ်စင်းကို ကျွမ်းကျင်လိမ္မာသော ပဲ့နင်း လှေသားများကို ငှားရမ်းပြီးလျှင် ၎င်းစက်လှေကြီးကိုရှာဖွေရန် စိုင်းပြင်းလျက်ရှိကြ၏။

ရွှေစင်ယော် စက်လှေပေါ်တွင် ပါသွားသောကံဆိုးသူ လူတစ်စုတည်းတွင် ဦးတိတ်လျှောင်ဆိုသူ တရုပ် သူဌေးမှာ မောင်ကျော်တင့်၏ ဦးလေးဖြစ်၏။ ဦးတိတ်လျှောင်သည်





ထိုအခါက သူနှင့်အတူ ရွှေထည် စိန်ထည် လက်ဝတ်လက်စား တစ်သိန်းဖိုးခန့်အပြင် ရွှေဒင်္ဂါး ၁၀၀၀ ခန့်လည်း ပါ၍သွား၏။ ၎င်းမှာ သားသမီးမရှိဘဲ တူဖြစ်သူ မောင်ကျော်တင့်ကိုပင် ချစ်ခင်ကာ ပေးကမ်းထောက်ပံ့နေသူဖြစ်ရကား မောင်ကျော်တင့်သည် ၃ လမျှအလုပ်မှ ခွင့်ယူပြီးနောက် ရွှေစင်ယော်အားလိုက်လံရှာဖွေသူများနှင့်အတူ ထိုငှားရမ်းထားသော စက်လှေတွင် စွန့်စားလိုက်ပါတော့မည်ဟု စိတ်ကိုပိုင်းဖြတ်ထားလေသည်။ ယင်းကဲ့သို့ စွန့်စားမှုများမှာ လွန်စွာပင် ဘေးအန္တရာယ်များလှသည်ဖြစ်ရကား တင်တင်စိန်မှာ သဘောမတူနိုင်ဘဲ ရှိခဲ့လေသည်။

နောက် လိုက်လံရှာဖွေမည့် စက်လှေကြီးမှာ "အောင်သိဒ္ဓိ" ခေါ်စက်လှေကြီးဖြစ်၍ ပဲ့နင်းနှင့်လှေသား လခများအပြင် တစ်လလျှင် ၁၀၀၀ိ/ နှင့်ဈေးတည့်ကြပြီးနောက်၊ ထွက်ရန် နေ့ရက်ကိုပင် သတ်မှတ်ခဲ့လေပြီ။ ထိုလူစု၌ မောင်ကျော်တင့်အပြင် ပင်လယ်ခရီးသွားရန် ဝါသနာထုံသူ တက္ကသိုလ်ကျောင်းသားနှစ်ယောက်နှင့် မန္တလေးမြို့မှ ဆရာဝန်တစ်ယောက်လည်း ပါဝင်၏။ သူတို့မှာ ခရီးသွားများနှင့် တစုံတရာ အကျိုးပတ်သက်သူများမဟုတ်သော်လည်း ရှာဖွေသူများအား အကူအညီပေးမည့်အနေဖြင့် သက်သက်ပါဝင်ဆောင်ရွက်သူများ ဖြစ်လေသည်။

"အောင်သိဒ္ဓိ" စက်လှေဖြင့် စွန့်စားရှာဖွေရန် သွားရောက်ကြမည့် လူစုမှာ လူပေါင်း(၂၆)ယောက်ပါဝင်၍ မြိတ်မြို့မှ ရန်ကုန်သို့လာရောက် နေထိုင်လျက်ရှိသော ပွဲစားကြီးဦးဘထွန်းမှ ခေါင်းဆောင်လျက်ရှိလေသည်။ ဦးဘထွန်း ကိုယ်တိုင်

မှာ သူ၏ ဇနီးသည်နှင့် ညီတစ်ယောက် "ရွှေစင်ယော်" စက်လှေ ပျောက်ဆုံးရာတွင် ပါသွား၏။ အခြားသူများမှာလည်း မိမိတို့ အိမ်သူ အိမ်သားတစ်ယောက်ဖြစ်စေ၊ အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်စေ၊ ပါသွားသူများဖြစ်လေသည်။

ဦးဘထွန်း ခေါင်းဆောင်လျက်ရှိသော လူစုသည် မော်တာယ်များတွင် မကြာခဏတွေ့ဆုံကာ မိမိတို့ သွားရောက်ရမည့် ခရီးအကြောင်းကို ဆွေးနွေးတိုင်ပင်လျက်ရှိကြ၏။ ဦးဘထွန်း ကိုယ်တိုင်မှာ တစ်လခွဲစာခန့် မျှသော စားရေရိက္ခာများ၊ ဆေးဝါးများ၊ ရွက်ထည်များ၊ ဓာတ်ဆီများ၊ မှန်ပြောင်းနှင့် လေတိုင်းကိရိယာများ၊ မီးကျည်ယမ်းတောင့်များ စသည်ဖြင့် ပင်လယ်ခရီး ရက်ရှည်သွားရာတွင် လိုအပ်သော ကိရိယာတန်ဆာပလာများ၊ အသုံးအဆောင်ပစ္စည်းများကို ဝယ်ခြမ်းစုဆောင်းလျက်ရှိလေသည်။

အောင်သိဒ္ဓိ မထွက်မီ ရက်အနည်းငယ် အတွင်း၌ အကောက်အရာရှိကလေး မောင်ကျော်တင့်မှာ မိမိနှင့်ရွယ်တူ လောက်ဖြစ်သော ကောလိပ်ကျောင်းသား နှစ်ယောက်နှင့် လည်းကောင်း၊ မန္တလေးမြို့မှ ဆင်းလာသော ဆရာဝန်ကလေး မောင်ထွန်းကြိုင်နှင့်လည်းကောင်း၊ အကျွမ်းတဝင်နေထိုင်ကာ မိတ်ဆွေများဖြစ်၍လာကြရာ ဆရာဝန် ကိုထွန်းကြိုင်နှင့်မူ ပိုမိုရင်းနှီးလျက် ရှိလေသည်။

မောင်ကျော်တင့်မှာ ၅ ပေ ၈ လက်မ မြင့်၍ လေးထောင့်စပ်စပ် မေးရိုးများနှင့် ကျယ်ပြန့်သော ပခုံး၊ နဖူးများ ရှိ၏။ မျက်နှာပေါက်မှာ များစွာမချောမောလှသော်လည်း တင့်တယ်ပြေပြစ်၏။ သို့နှင့် ယူနီဖောင်းအစုံအလင်ဝတ်ထားသော





အခါများတွင်မူ အတော်ပင်ကြည့်၍ ကောင်းသူတစ်ယောက် ဖြစ်သည်။

ပန်းရို ဝါသနာပါလှသော မောင်ဝင်းစိန်သည် တစ်နေ့တွင် မောင်ကျော်တင့်ဓာတ်ပုံကို တောင်းယူကာ မောင်ကျော်တင့်အား ကုလားထိုင်တစ်လုံးပေါ်တွင် ၅ မိနစ်ခန့်ငြိမ်သက်စွာထိုင်စေ၍ ဦးခေါင်းအနေအထား ကိုယ်လက်အင်္ဂါ စသည်တို့ကို တိကျစွာ တိုင်းထွာယူပြီးလျှင် ပထမ ပုံကြမ်းသွန်းလောင်းပြီး နောက်ဆီဆေးဖြင့် ရေးဆွဲဖူး၏။ ထိုကားမှာ အခြားအိမ်သားများက များစွာမနှစ်သော်လည်း ရေးဆွဲသူမောင်ဝင်းစိန်နှင့် တင်တင်စိန်တို့ကမူ အမြတ်တနိုးထားကြ၏။ မောင်ဝင်းစိန်ကမူ မိမိ၏လက်ရာကိုသဘောကျသဖြင့်လည်းကောင်း၊ တင်တင်စိန်ကမူ မိမိနှင့် စေ့စပ်ထားသော ချစ်သူ၏ပုံတူဖြစ်သဖြင့် လည်းကောင်း နှစ်သက်ခြင်းဖြစ်သည်။

သို့ဖြင့် မောင်ဝင်းစိန်သည် ယူနီဖောင်းအစုံအလင်ဖြင့် ရပ်နေသော မောင်ကျော်တင့်၏ ကိုယ်အထက်ပိုင်း သုံးပုံနှစ်ပုံ ပန်းချီကားကို မှန်သွင်း၍ ပန်းဘောင်ကြီးတပ်ကာ ထမင်းစားခန်း၌ ဆွဲချိတ်ထား၏။

လှေထွက်ရန် အချိန်နီးကပ်၍ လာလေလေ တင်တင်စိန်မှာ မကြာမီ ခွဲခွါရတော့မည့် ရည်းစားသည်၏ မျက်နှာကို ကြည့်ကာ စိတ်မကောင်းဖြစ်မိလေလေ ရှိတော့၏။ မောင်ကျော်တင့်မှာ တင်တင်စိန်၏ အကိုများ မရီးများက ခွင့်ပြုထားပြီးဖြစ်သည့်အတိုင်း အိမ်သို့ ဝင်နိုင်ထွက်နိုင်ခွင့် ရှိရာတစ်နေ့တွင် တင်တင်စိန်က

"ဒါထက် ကိုကျော်တင့်တို့ အလုပ်က ဘယ်လောက်

ကြာမှာလဲ"

"အချိန်ကတော့ အကန့်အသတ်မရှိဘူး ထင်တယ်၊ တစ်လကြာချင်လည်း ကြာမှာပဲ။ နှစ်လ ကြာချင်လည်း ကြာမှာပဲ၊ လောက်ကိုတော့ စကားအရင်ပြော ထားတယ်။ တစ်လထက် ၁၅ ရက်လွန်ခဲ့ရင် နှစ်လစာတွက်ပေးရမယ် ဒီအတိုင်းပေါ့"

"ပင်လယ်ဆိုတာ ဘေးအန္တရာယ် သိပ်များပါတယ် ကိုကျော်တင့်ရယ်၊ ပြီးတော့ အခုတလော စက်လှေတွေလည်း ဘိတ်နဲ့ မော်လမြိုင်ကြားမှာ မကြာခဏ ပျက်တာ သတင်းစာတွေထဲမှာ တွေ့ရတယ်။ ဒီတော့ ဒီအကြိုဖျက်နိုင်ရင် ဖျက်လိုက်ပါတင်တင် တောင်းပန်ပါတယ်"

"တင်တင်ကလည်းကွယ် ကြိုကြိုဖန်ဖန်တွေ ရှောက်ပြောနေတယ်၊ အခုမှတော့ စကားလွန်နေပြီ တင်တင်ရဲ့။ မဖျက်နိုင်တော့ဘူး။ ပြီးတော့ရာသီဥတုကလည်း ကောင်းလာပါပြီ။ ရှေ့ရှောက် ကောင်းဖို့ကြီးမဟုတ်လား၊ နောက် ကိုယ်ကိုအင်မတန် ကြည့်ရှုစောင့်ရှောက်နေတဲ့ ဦးလေးလဲဖြစ်ပြန်၊ သူ့ဆီမှာ အဖိုးတန်ပစ္စည်း အမြောက်အများပါသွားပြန်ဆိုတော့၊ ကိုယ့်မှာ အလိုအလျှောက်လိုက်ပြီး ရှာဖွေဖို့ ဝတ္တရားရှိနေတာပဲ မဟုတ်လား"

"ဪ ဒါထက် နက်ဖြန်ကျမတို့အိမ်မှာ အုန်းထမင်း ချက်မလို့ ကိုကျော်တင့်လာခဲ့နော်"

"လာခဲ့မယ်လေ ကိုယ့်မိတ်ဆွေ တစ်ယောက်လည်း ခေါ်ခဲ့ဦးမယ်"

"ခေါ်ခဲ့လေ ခေါ်ခဲ့ပါလား။ နို့ပေမယ့် အကိုကြီးကို ကြိုပြောထားနှင့်ပေါ့။ ဒါနဲ့ ကိုကျော်တင့်ခေါ်လာခဲ့မယ် ဆိုတာ





ဘယ်သူလဲဟင်"

"ကိုယ်နဲ့အတူ ခရီးထွက်မယ့် ဆရာဝန်တစ်ယောက်ပါ၊ နာမည်က ကိုထွန်းကြိုင်တဲ့"

ထိုနောက် မောင်ကျော်တင့်လည်း အိမ်ရှေ့ဘက်သို့ လှည့်ထွက်ခဲ့ရာ အဆင်သင့်ပင် အိမ်ရှေ့၌ ဦးဝင်းရှိန်နှင့်တွေ့ရသဖြင့် ဦးဝင်းရှိန်က

"ဘယ်နဲ့လည်းကွ မောင်ကျော်တင့်၊ မင်းတို့လှေထွက်ရက်နီးပြီလား"

"ဟုတ်ကဲ့ နီးပါပြီ အကိုကြီး၊ အခုလာမယ့် တနင်္ဂနွေ မနက်ပဲ ထွက်မယ်"

"ကောင်း ဒါဖြင့် နက်ဖြန်ည တို့အိမ်မှာ ထမင်းလာစားလေကွယ်။ အုန်းထမင်း ချက်မလို့ဆို ထင်ပါရဲ့"

"ဟုတ်ကဲ့ တင်တင်ကလည်း ပြောပါတယ်။ ဪ ဒါထက် နက်ဖြန်ကျတော့ ကျွန်တော့်မိတ်ဆွေ တစ်ယောက် ခေါ်ခဲ့ပါရစေ အကိုကြီး"

"ခေါ်ခဲ့တာပေါ့ကွယ်၊ မင့်မိတ်ဆွေဆိုရင် အကိုကြီးတို့က ဘာပြောစရာရှိလို့လဲ၊ ဘယ်သူလဲကွဲ့"

"ကျွန်တော်တို့နဲ့ အတူ ခရီးထွက်မယ့် လူထဲကပါ။ မန္တလေးက ဆရာဝန် ကိုထွန်းကြိုင်တဲ့၊ သူ့အကိုတစ်ယောက် ပါသွားတာ၊ သတင်းစာထဲ တွေ့တာနဲ့ ရန်ကုန်ကို ဆင်းလာခဲ့တာ၊ ကျွန်တော်တို့ အစုလိုက်ပြီး ရှာဖွေမယ်ကြားလို့ သူလည်း လိုက်မယ်ဆိုပြီး ဦးဘထွန်း ခွင့်ပြုချက်အရ လိုက်တဲ့သူပါ။ ဦးဘထွန်းကလည်း အခုလို ပင်လယ်ခရီးထွက်တဲ့ နေရာမှာ ဆရာဝန်တစ်ယောက် ပါလာရင် ကောင်းတယ်ဆိုပြီး ခမ်း

မြောက်ဝမ်းသာ အခွင့်ပြုလိုက်တာပဲ"

"အေးကွယ် ခေါ်ခဲ့တာပေါ့"

* * * * *

နောက်တစ်နေ့ည ၇ နာရီ အချိန်တွင် ဦးဝင်းရှိန်တိုက်အပေါ်ထပ် ထမင်းစားခန်းရှိ စားပွဲရှည်ကြီး၌ လူ ၆ ယောက်ထိုင်လျက်ရှိ၏။ စားပွဲထိပ်တွင် ဆရာဝန် ကိုထွန်းကြိုင်အား ဧည့်သည်တစ်ယောက်ဖြစ်သဖြင့် အခွင့်အရေးပေးသည့်အနေနှင့် ထိုင်စေ၏။ ၎င်း၏လက်ယာဘက်တွင် ဦးဝင်းရှိန်၏ဇနီး ဒေါ်မိမိကြီးက ထိုင်လျက် တင်တင်စိန်မှာ ဒေါ်မိမိကြီးနှင့်ကပ်၍ထိုင်လေသည်။ စားပွဲ၏ လက်ဝဲဘက်တွင် ဦးဝင်းရှိန်နှင့် မောင်ကျော်တင့်တို့ ထိုင်လျက်ရှိလေသည်။ ကိုထွန်းကြိုင်နှင့်မျက်နှာချင်းဆိုင်ဘက် စားပွဲ၏အခြားထိပ်၌မူ ပန်းချီဆရာ မောင်ဝင်းစိန်က ထိုင်လေသည်။

ဆရာဝန် မောင်ထွန်းကြိုင် ဆိုသူမှာ အသားညိုညို အရပ်မြင့်မြင့် ဖြစ်၍ အတော်အတန် ရုပ်ရည် သနားကမားရှိသည်ဟုဆိုရသော်လည်း မာကျောသောမျက်နှာနှင့် အေးစက်သော မျက်လုံးများမှာ ညိုမှောင်မဲနက်ခြင်းကင်းမဲ့၍ မွဲပြာပြာအဆင်းရှိလေသည်။ ထောင့်ဘက်ရှိ မျက်နက်ကလေးတွင် ကောက်ကျစ် စဉ်းလဲခြင်းသော်လည်းကောင်း၊ ရက်စက်ခြင်းသော်လည်းကောင်း၊ နှစ်ခုပေါင်းစပ်မိ၍သော်လည်းကောင်း၊ မနှစ်မြို့ဖွယ် အရည်အချင်းတစ်ခုသည် မျက်လုံးအိမ်ကိုလည့်ပတ် လျှပ်ရှားလိုက်တိုင်း ကပ်၍ ပါနေသကဲ့သို့ ရှိလေသည်။

ဦးဝင်းရှိန်မှာ အသက် ၄၀ ကျော်မျှ ရှိပြီးလျှင် ပညာဉာဏ်အမြော်အမြင်နှင့် ပြည့်စုံသော အရာရှိကြီးတစ်ဦး ဖြစ်





သည့်အတိုင်း ဧည့်သည်ဆရာဝန် မောင်ထွန်းကြိုင်၏ မျက်နှာအရိပ်အကဲကို တခါတည်း ခတ်လိုက်မိလေပြီ။

ထမင်းစား စားပွဲမှာ အလျားပေ ၆ ပေ၊ အနံ ၃ ပေခွဲရှည်၍ ဆရာဝန်မောင်ထွန်းကြိုင် ထိုင်သောနေရာမှာ အခန်းနံရံနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ နေပြီးလျှင် နံရံတွင်လူတစ်ရပ်သာသာလောက်၌ ချိတ်ဆွဲထားသော မောင်ကျော်တင့်၏ ပုံပန်းချီကားကြီးနှင့် မျက်နှာချင်းဆိုင်၍ နေလေသည်။

မောင်ထွန်းကြိုင်သည် မိမိအတွက် ပေးထားသော ကုလားထိုင်ပေါ်တွင် ပထမ ထိုင်လိုက်ပြီးနောက် မောင်ကျော်တင့်၏ ပန်းချီပုံတူကြီးကို တစ်မိနစ်ခန့် စိမ်းစိမ်းကြည့်လျက်ရှိလေ၏။ ထိုနောက် ထိုင်နေရာမှ ရုတ်တရက်ပြန်၍ ထလိုက်လေသည်။

"ကျွန်တော် ဒီနေရာမှာ မထိုင်ပါရစေနဲ့ ခင်ဗျာ၊ အားလုံးကို ကျွန်တော်တောင်းပန်ပါတယ်"

ကျော် ။ "အိုင်ဆေး ကိုထွန်းကြိုင် ဘာဖြစ်လို့လဲဗျ"

ကြိုင် ။ "ခင်ဗျာ့ပုံကြီးကို ကျွန်တော် မကြည့်ပါရစေနဲ့ဗျာ"

ကျော် ။ "ဟာ ဒီလူ ခက်တာပဲ ဘာဖြစ်လို့လဲ"

ထိုအခါ ဦးဝင်းရှိန်က အံ့ဩသော မျက်နှာနှင့်

"ဘာဖြစ်လို့လဲ ဆရာလေး၊ ဒါဟာကျွန်တော့်ညီ ဟော ဒီ မောင်ဝင်းစိန် ဆွဲတဲ့ပုံတူပါ။ မောင်ကျော်တင့်နဲ့ သိပ်တော့ တူတယ်ရယ်လို့ မဟုတ်ပါဘူး။ သူက ပန်းချီဆရာ ပေါက်စဆိုတော့ လက်တဲ့စမ်းတဲ့ သဘောနဲ့ဆွဲထားတာပါပဲ။ ပန်းချီမျက်စေ့နဲ့ အချိုးအချိုက်ကျမကျတော့ ကျုပ်တို့လည်း ပန်းချီပညာ မတက်လို့ မသိဘူး။ လာ လာ မောင်ဝင်းစိန်ထိုင်တဲ့ နေရာနဲ့

လဲလိုက်ပါလား၊ အဲ ဟုတ်ပြီ ငါညီက ဒီကိုလာထိုင်"

သို့ဖြင့် စားပွဲထိပ်ရှိ ကုလားထိုင်နှစ်လုံးတွင် ထိုင်နေသူ ဆရာဝန် မောင်ထွန်းကြိုင်နှင့် မောင်ဝင်းစိန်တို့ နေရာချင်း လဲထိုင်ကြရ၏။ ထိုအခါ မောင်ကျော်တင့်က ပြုံးလျက်

"ဘာဖြစ်တာလဲဗျ ကိုထွန်းကြိုင်"

"ဘာမှမဖြစ်ပါဘူးဗျာ ခင်ဗျာ ပုံတူနဲ့မျက်နှာချင်းဆိုင် မထိုင်ချင်လို့ပါ၊ စိတ်ထဲမှာ ကြောက်သလို ရှိသလိုဘဲ"

ရှိန် ။ "ဟုတ်ပါရဲ့ ဆရာကလေးကလည်း ဆန်းလိုက်တာ။ နေပါဦး ပုံက ပန်းချီဝါမရင့်သေးတဲ့ လူတစ်ယောက်ဆွဲတဲ့ပုံ ဆိုတော့ ကြည့်လို့သိပ်မကောင်းဘူးပေါ့လေ။ ပန်းချီပညာကို နားလည်ပြီး ဝေဘန်နိုင်တဲ့ လူတစ်ယောက်အဖို့ အနှောက်အယှက် ဖြစ်ချင်လည်း ဖြစ်ပေမပေါ့"

ကြိုင် ။ "မဟုတ်ပါဘူးခင်ဗျာ။ ဒါကြောင့်လည်း မဟုတ်ပါဘူး။ ပန်းချီပညာကိုလည်း နည်းနည်းကလေးမှ နားမလည်ပါဘူး။ ကျွန်တော်အခု ပြောတာ သိပ်ပြီးကလေးကလားနိုင်တယ် ဆိုချင်ဆိုကြပေတော့။ ဒီပန်းချီကားကြီးနဲ့ မျက်နှာချင်းဆိုင်မထိုင်ပါရစေနဲ့ခင်ဗျာ။ ပန်းချီကားထဲက ကိုကျော်တင့်အရုပ်က ကျွန်တော့်သွားလေရာ မျက်လုံးပြူး မျက်ဆံပြူးနဲ့ လိုက်ကြည့်နေတယ်လို့ ကျွန်တော့်စိတ်ထဲ ထင်နေတယ်ဗျ"

ထိုနေရာသို့ ရောက်သောအခါ ပုံတူဆွဲသော ပန်းချီဆရာမောင်ဝင်းစိန်ကမူ ဤအချက်သည် မိမိရေးဆွဲသော ပုံတူကားမှာ သဘာဝကျ၍ ပန်းချီလက်ရာ ပြောင်မြောက်သည်ကို ဖော်ပြသော အချက်ဖြစ်သည်ဟု မည်သူမျှပြောဆိုသည်ကိုမျှ ဂရုမစိုက်ဘဲ စိတ်ထဲတွင် အလိုလို အူးမြူးလျက်ရှိနေလေ၏။





ရှိန် ။ "စိတ်ထင်လို့ ထင်ပါရဲ့ ဆရာကလေးရယ်"

ကျော် ။ "ဟုတ်ပါတယ်၊ ခင်ဗျားစိတ်က ထင်လို့နဲ့ တူပါတယ်"

ကြိုင် ။ "မဟုတ်ဘူး ကိုကျော်တင့်၊ ကျုပ်တို့မျိုးရိုးစဉ်လာရှိတယ်။ ကျုပ်မိခင်ဟာ ငယ်စဉ်က ကျုပ်တို့ဖခင်ကို သူ့မိဘသဘောမတူဘဲနဲ့ လက်ထပ်ခဲ့တယ်။ ဒါနဲ့ ကျုပ်ကိုမျက်နှာမြင်ပြီးနောက် အပြင်းအထန်ဖျားနေတုန်းက သူ့ဖခင်(ကျုပ်ရဲ့အဖိုး) ဓာတ်ပုံကို ကြည့်ရတာ မျက်လုံးပြူးပြီး သူ့ကိုကြည့်နေတယ်။ ကြောက်လှချေရဲ့ဆိုပြီး ဓာတ်ပုံကို အဖြုတ်ခိုင်းလို့ ဖြုတ်ပစ်ရသတဲ့ဗျ။ ဒီဟာ ကယောင်ကတမ်း ဖြစ်တာလား။ အယုသည်းမှုပဲလား မပြောတတ်ဘူး"

ထိုနောက် ကုလားထိုင်များပေါ်တွင် ငြိမ်သက်စွာထိုင်လျက် ရှိကြလေ၏။ မောင်ထွန်းကြိုင်မှာကား တင်တင်စိန်နှင့်အား ပိုမို၍ နီးနီးကပ်ကပ် ကြည့်လိုသဖြင့် ဤကဲ့သို့ ပရိယာယ်လုပ်ခြင်းဖြစ်သည်ဟု မောင်ကျော်တင့် တွေးမိ၏။ ဦးဝင်းရှိန် ဇနီးမောင်နှံတို့မှာ မောင်ထွန်းကြိုင်၏ ကြောက်တတ်ပုံကို အံ့သြလျက်ရှိလေရာ ပန်းချီဆရာ မောင်ဝင်းစိန် တစ်ယောက်သာ သူရေးဆွဲသော ပုံတူကားကြီး၏ သဘာဝကျမှု အနုပညာဂုဏ်မြောက်မှုကြောင့်သာ ဤကဲ့သို့ ဖြစ်ရသည်ဟု ယူဆလေသည်။

အစားအသောက်များမှာ လတ္တာလမ်း(လသာလမ်း) တရုတ်ဟိုတယ်တစ်ခုမှ မှာထားသော အစားအစာများ ဖြစ်၍ အစေခံများကလည်း ဟင်းခွက်များကို ကျင်လည်စွာ ထိုးပေးလျက်ရှိကြလေသည်။

ဆရာဝန်မောင်ထွန်းကြိုင်၏ မျက်လုံးများမှာ ထမင်းစား စားပွဲပေါ်သို့မရောက်ဘဲ တင်တင်စိန်၏ မျက်နှာဆီသို့သာ ရောက်လျှက်ရှိသည်ကို ဦးဝင်းရှိန်ခနီးမောင်နှံတို့က ပထမဦးစွာသတိပြုမိလိုက်၏။

မောင်ထွန်းကြိုင်သည် စားပွဲအလယ်၌ ချထားသော ဘဲပေါင်းပန်းကန်ကြီးကို တင်တင်စိန်ဘက်သို့ အနည်းငယ်တိုး၍ ပေးပြီးလျှင် တင်တင်စိန်၏မျက်နှာကို တစ်ချက်ပြုံး၍လှမ်းကြည့်လိုက်ရာ တင်တင်စိန်ကမူ မျက်နှာထားကို ယခင်ကထက် တင်းတင်းထားလိုက်လေသည်။

မောင်ဝင်းစိန်မှာ မည်သူနှင့်မျှ စကားမပြော။ မည်သူ့အရိပ်အကဲကိုမျှလည်းမကြည့်၊ ဟင်းခွက် စေ့နိုက်ကာ ပလုတ်ပလောင်း စားလျှက်ရှိသည်။ ကိုကျော်တင့်မှာ သူ့မိတ်ဆွေဆရာဝန်၏ ပန်းကန်အတွင်းသို့ ဟင်းများကိုပင် အတင်းထည့်ပေးလျှက်ရှိရာ တင်တင်စိန်မှာ ထမင်းပွဲမှ လက်ဦးစွာ ထသွားလေသည်။

ထမင်းစား၍ အပြီးတွင် အိမ်ရှေ့ဧည့်ခန်းသို့ အချို့ပွဲရောက်လာ၍ မောင်ထွန်းကြိုင်မှာ အိမ်သားများနှင့် ရောနှောစားသောက်ရသော်လည်း ထိုဝိုင်း၌ ဒေါ်မိမိကြီးနှင့် တင်တင်စိန်တို့ မပါတော့ချေ။ ထိုနောက် မောင်ကျော်တင့်နှင့်မောင်ထွန်းကြိုင်တို့ အိမ်ရှင်ဦးဝင်းရှိန်ဇနီးမောင်နှံကို နှုတ်ဆက်ကာ ထွက်ခွာသွားလေသည်။

နောက်တစ်နေ့ ၃ နာရီလောက်၌ မောင်ကျော်တင့် ရောက်ရှိလာရာ အိမ်ရှေ့ဧည့်ခန်းတွင် ဦးဝင်းရှိန်နှင့် တွေ့ရ၍ အခြားစကားများကို ပြောဆိုလျှက်ရှိရာမှ ယမန်နေ့က ထမင်း





စား၍ကောင်းကြပုံကိုလည်းကောင်း၊ ဆရာဝန်မောင်ထွန်းကြိုင်၏ ထူးခြားသော အပြုအမူကိုလည်းကောင်း၊ အချင်းချင်းရယ်မော ပြောဆိုလျှက် ရှိကြကုန်၏။ ဒေါ်မိမိကြီးမှာ အပြင်သို့ ဈေးဝယ်ထွက်သွားပြီးနောက် ပြန်၍ဝင်သွားလေရာ တင်တင်စိန်မှာမူ အခန်းထဲမှပင် ထွက်၍မလာချေ။

ဧည့်ခန်းထဲတွင် မိန်းမများ မရှိသောအခါ ဦးဝင်းရှိန်က မောင်ကျော်တင့်တို့ သွားရောက်ဧည့်ခံရီးအကြောင်းနှင့် ပတ်သက်၍ မေးမြန်းလျှက်ရှိရာ မောင်ကျော်တင့်ပြန်ဖြေနီးတွင်

"သြော်ဒါထက် မောင်ကျော်တင့် မင့်ဆရာဝန်ကောင်ကို နောက်ထပ် အကိုကြီးတို့အိမ် ခေါ်မလာခဲ့နဲ့ကွယ်"

(မချိသွားဖြဲပြုံးရင်း) "ဟုတ်ကဲ့ အကိုကြီး"

"ဒီလူ့ မျက်နှာထားကို အကိုကြီး သဘောမကျဘူး မောင်ကျော်တင့်"

"ဟုတ်ပါရဲ့ အစမှသိတဲ့လူက နည်းနည်း အရောဝင်လွန်းအားကြီးတယ်"

"သူက တင်တင်ကိုတောင် စပ်ဖြီးဖြီးကြည့်ချင်တယ် မောင်၊ မင်းသတိထား ငါက ငါ့နမပေးမယ့် မင့်ကိုတော့ပြောရမယ် လူချင်းမို့ပြောတာ မင်းရိပ်မိရဲ့လား"

"ဟုတ်ကဲ့ ရိပ်မိပါတယ် အကိုကြီး"

"ဒီဟာဖြင့် မကာသေးဘူး မောင်ကျော်တင့်"

"ဟုတ်ကဲ့ အကိုကြီး"

"ဒီလူ့ရဲ့ မျက်လုံးနေပုံကိုလည်း အကိုကြီးမကြိုက်ချင်ဘူး၊ ပြာပြာဖြစ်နေတဲ့ မျက်လုံးတောင့်ရှိတဲ့ မျက်နက်ကလေးဟာ နည်းနည်းကောက်ကျစ်ချင်တဲ့ စိတ်ရှိတတ်တယ်"

"ဟုတ်ကဲ့"

"ဒီလူနဲ့ပေါင်းရင် သတိထားပြီး ပေါင်းပါကွယ်"

"ကောင်းပါပြီ အကိုကြီး။ ကျွန်တော် သတိထား ပါမယ်"

"မင်းတို့လေ ဘယ်နေ့ထွက်မယ်ကွဲ့"

"တနင်္ဂနွေနေ့ မနက် အကိုကြီးရဲ့"

"အေးကွယ် မထွက်ခင် တစ်ခေါက် အလယ် လာဦး ပေါ့"

"ဟုတ်ကဲ့ စနေနေ့ ကျွန်တော် နှုတ်ဆက်ရအောင် လာ ခဲ့ဦးမယ် အကိုကြီး"

"အေးအေး မင်းလူတော့ မခေါ်ခဲ့နဲ့နော်၊ အကိုကြီးတစ် ယောက်အတွက်တော့ အရေးမကြီးဘူး။ နို့ပေမယ့်"

ထို့နောက် မောင်ကျော်တင့်လည်း ဦးဝင်းရှိန်အား နှုတ် ဆက်၍ ပြန်သွားလေ၏။

* * * * *

နောက်တစ်နေ့ညနေ၌ ဆရာဝန် မောင်ထွန်းကြိုင် သည် ဦးဝင်းရှိန်တို့ အိမ်သို့တစ်ယောက်တည်း ရောက်လာခဲ့ရာ ထိုအချိန်၌ အိမ်တွင်ဦးဝင်းရှိန်တို့ လင်မယားနှင့် မောင်ဝင်းစိန် တို့မရှိဘဲ တင်တင်စိန်နှင့် အစေခံ လင်မယားသာရှိ၏။

အိမ်ရှေ့ခန်းတွင် ဆရာဝန် မောင်ထွန်းကြိုင် ရောက် လာကြောင်း အစေခံမက ပြောကြားသဖြင့် တင်တင်စိန်မှာ ဧည့်သည်အား အိမ်သည်တို့က ပြုအပ်သည့်ဝတ္တရား ရှိသည့် အတိုင်း ဧည့်ခန်းသို့ရောက် ထွက်လာခဲ့လေ၏။

အစေခံမကိုလည်း ကော်ဖီတစ်ခွက်ယူခဲ့ရန် မှာကြား





လိုက်၏။

"အကိုကြီးတို့ ဘယ်သွားကြလဲ"

"အပြင်သွားကြပါတယ်"

"ကိုဝင်းစိန် တစ်ယောက်လည်း မမြင်ပါဘူး"

"ဟုတ်ကဲ့ မောင်လေးလဲ ကျောင်းက ပြန်မလာသေး ဘူး"

"ကိစ္စမရှိပါဘူးလေ ဘယ်သူ့ကို မတွေ့မတွေ့ တင် တင်ကို တွေ့ရရင် ပြီးတာပဲ"

(မျက်နှာများနီမြန်းလျှက်) "ဘာပြောတယ်ရှင့်၊ ဘာ ဘာ ပြီးတော့ တင်တင်တဲ့၊ ရှင့်ခေါ်စရာလား၊ ကျွန်မနာမည် တင်တင်စိန်တဲ့၊ နာမည်ရှိရင် နာမည်ကိုခေါ်ပါ"

(မျက်နှာပြုံးလျှက်) "စိတ်မဆိုးပါနဲ့ မတင်တင်စိန် က လဲ"

"အခု ဘာပြောချင်လို့လဲ"

"ကိုကျော်တင့်က သူ့အလုပ်များနေလို့ မလာဖြစ်တဲ့ အကြောင်းရော ပြီးတော့ ထားဝယ်မှာ လိုချင်တာရှိယင် ကျွန် တော်ကိုဘဲ မှာလိုက်ပါဆိုတဲ့ အကြောင်းရောပြောချင်လို့ပါဘဲ"

"ဟုတ်ကဲ့ ကောင်းပါပြီ"

"ပြီးတော့ အခုလို အခါအခွင့်ရတဲ့အခါ မတင်တင်စိန် ကို ကျွန်တော်ပြောချင်တာ တစ်ခုက မတင်တင်စိန်ရဲ့ မျက်နှာ ကို ကျွန်တော်မြင်ကတည်းက ကျွန်တော်ဝမ်းသာမိလေ....."

"တော်စမ်း တော်စမ်း ရှင်အခု ဘာတွေပြောနေတယ် ဆိုတာ သိလား"

"မေတ္တာရှိတဲ့ အကြောင်းပါ"

(မျက်နှာကိုရှုံ့လျက်)"မသိလို့ပါတဲ့ရှင် ပြောစမ်းပါဦး၊ ရှင်အခုပြောနေတာ ကျွန်မတင်စော်ကားတာ မဟုတ်ဘူး။ အကိုကြီးနဲ့ အမကြီးတို့ကို စော်ကားတာ၊ ပြီးတော့ ရှင့်သူငယ်ချင်း ကိုကျော်တင့် အပေါ်မှာလည်း သစ္စာဖောက်တာနဲ့ အတူတူပဲ"

"နို့ပေမယ့်....ကျွန်တော်...."

"နေပါဦး ကိုကျော်တင့်ဟာ ကျွန်မနဲ့ လူကြီးချင်း စေ့စပ်ထားတယ်ဆိုတာ ရှင့်မသိဘူးလား။ နည်းနည်းကလေးမှ ကိုကျော်တင့်က မပြောဘူးလား။ ရှင်မို့ မျက်နှာပြောင်တိုက်ရဲ တယ်ရှင့်"

"သိပါတယ် မတင်တင်စိန်၊ နို့ပေမယ့် ကျုပ်အသဲ နှလုံးထဲကကို မနေနိုင်လို့"

"တော် တော်ကြာရင် ကျွန်မ ငရဲအုံ့ကြီးနေရောမယ့် သွားပါရှင်၊ ရှင့်မျက်နှာ နောက်ထပ်မကြည့်ချင်ပါဘူး"

ထို့နောက် တင်တင်စိန်သည် ခြေကိုဆောင့်ကာ အခန်းတွင်းသို့ ဝင်သွားလေ၏။

■ ■ ■ ■ ■

စနေနေ့ ညနေစောင်းအချိန်၌ မောင်ကျော်တင့်သည် တင်တင်စိန်နှင့်တကွ အိမ်သားများအား နှုတ်ဆက်ရန် ဦးဝင်းရှိန်၏တိုက်သို့ ရောက်ရှိလာလေ၏။

"ဪ ကိုကျော်တင့် လာ ထိုင်လေ"

"အကိုကြီးတို့ ဘယ်သွားလဲ တင်တင်"

"ရှိပါတယ်၊ ရုံးကပြန်ရောက်လို့ အဝတ်လဲနေတယ် ထင်တယ်၊ အမကြီးက နောက်ဖေးဆောင်မှာလေ"

"တင်တင်ကိုရော အကိုကြီးနဲ့ အမကြီးကိုရော နှုတ်





ဆက်ရအောင် လာတာလေ"

"အော် ဒါဖြင့် ကိုကျော်တင့် လိုက်ဖြစ်တယ်ပေါ့"

"လိုက်ဖြစ်တာပေါ့ တင်တင်၊ ပစ္စည်းတွေတောင် လှေပေါ်အားလုံး ရောက်ကုန်ပြီ"

တင်တင်စိန်၏ အသံမှာတုန်တုန်ရီရီ ဖြစ်နေလေသည်။ သို့နှင့်ပင် ဆက်လက်၍

"တင်တင်ကတော့ နည်းနည်းကလေးမှ စိတ်မချဘူး ကိုကျော်တင့် အစစ အရာရာ သတိ ဝီရိယနဲ့သွားပါ လာပါ ကိုကျော်တင့်ရယ်"

"ကိုကျော်တင့်က သူငယ်နုပ်စား မဟုတ်ပါဘူး။ တင်တင်ရဲ့ ပြီးတော့ အောင်သိန်းဟာ မော်လမြိုင်ကိုပထမသွားမယ်။ ဒီနောက်ထားဝယ်ကိုသွားမယ်။ ဘိတ်ကိုလည်း ရောက်မယ် ပင်လယ်ထဲမှာချည်း တစ်ခါတည်း ဆက်ရှာမှာ မဟုတ်ဘူး။ စိုးရိမ်စရာမရှိပါဘူး တင်တင်။ ရာသီဥတုကလည်း ဆောင်းကုန်ရင် မြူဦးပေါက်ရောက်လာမှာဘဲ"

"ဒါဖြင့်ရောက်တဲ့နေရာက စာထည့်နော်"

"ထည့်မှာပေါ့ တင်တင်"

"လာ ကိုကျော်တင့် ထမင်းစားခန်း သွားရအောင်၊ ကျွန်မတို့ ကော်ဖီသောက်ကြမလို့"

မောင်ကျော်တင့်သည် တင်တင်စိန်နောက်ရှာ ထမင်းစားခန်းသို့ လိုက်ပါသွားရလေ၏။ တင်တင်စိန်မှာ ယမန်နေ့က မောင်ထွန်းကြိုင်နှင့် တွေ့ဆုံရပုံနှင့် မောင်ထွန်းကြိုင်၏စော်ကားမှုများကို မောင်ကျော်တင့်အား ထုတ်ဖော်ပြောဆိုမည် စိတ်ကူးလိုက်သေး၏။

သို့သော် ခရီးထွက်ခါနီးတွင် စိတ်မကောင်းဖြစ်နေမည်စိုးသဖြင့် တစုံတရာ ဖွင့်ဟ၍ မပြောဆိုဘဲ စိတ်ထဲတွင် မျိုသိပ်ထားလိုက်လေသည်။

ကော်ဖီစားပွဲ၌ မောင်ကျော်တင့်သည် အိမ်သားများနှင့်အတူ ရယ်မောပြောဆိုလျှက်ရှိ၏။ ၁ နာရီခန့်မျှ ကြာလတ်သော် ခေါ်မီးကြီးအား ကန်တော့ပြီးလျှင် မောင်ဝင်းစိန်နှင့်တင်တင်စိန်တို့ကိုလည်း နှုတ်ဆက်လေသည်။ မောင်ဝင်းစိန်အားစကားပြောလျှက်ရှိစဉ် တင်တင်စိန်မှာ ချစ်သူနှင့် ခွဲခွာခါနီးတွင်ဝမ်းနည်းသည်ဟန်ဖြင့် အိမ်ခန်းထဲသို့ ဝင်သွားလေတော့၏။

မောင်ကျော်တင့် ပြန်သွားသောအခါ ဦးဝင်းရှိန်လည်း မောင်ကျော်တင့် ပန်းချီကားကိုကြည့်မိလိုက်၏။ အချိန်မှာနေဝင်လုနီးပါးဖြစ်၍ ထမင်းစားခန်းမှာ အနည်းငယ်မျှ မှောင်ရိပ်သန်း၍ လာပြီဖြစ်သော်လည်း တိုက်ခေါင်းရှိ မြူတင်းပေါက်များမှ အလင်းရောင်သည် ကားပေါ်သို့ ကျရောက်လျက် ရှိလေသည်။ ထိုအခါ၌ မောင်ကျော်တင့်၏ မျက်နှာအနီးတစ်ဝိုက်တွင်ရေနီးရေငွေ့များ သန်းနေသကဲ့သို့ ၎င်း၏မျက်နှာပြင်မှာလည်း အသားအရောင်များပျောက်ကာ ဖြူဖတ်ဖြူရော်ဖြစ်၍နေသည်ဟု ထင်လိုက်မိ၏။ ဦးဝင်းရှိန်သည် စိတ်မကျေနပ်သည်နှင့် အနီးသို့လာရောက်ကြည့်ရှုပြန်ရာ ထိုအခါတွင်မူ ရေငွေ့နှင့်တူသော အရာများပျောက်ကွယ်သွားပြီးလျှင် မျက်နှာမှာလည်း ဆေးခြယ်ထားသည့်အတိုင်း သွေးရောင်များပေါ်ကာ ယခင်အတိုင်းပင် ရှိနေလေသည်။

ဤအကြောင်းအရာကို မောင်ဝင်းစိန်အား ပြောပြသောအခါ မောင်ဝင်းစိန်က





"ဆီဆေးထဲမှာ စပ်ရတဲ့အရောင်တင်ဆီ အငွေ့ပြန်တာနဲ့တူပါတယ် အကိုကြီးရယ်၊ ပြီးတော့ မျက်နှာဟာသွေးမရှိသလိုဖြူဖတ်ဖြူရော် ဖြစ်သွားတယ်ဆိုတာကလဲ အခန်းတွင်းကအမှောင်နဲ့ မြူတင်းပေါက်ရဲ့ အပြင်ကဝင်လာတဲ့ အလင်းရောင်နဲ့ ဟပ်မိတဲ့နေရာ တည့်တည့်ပေါ်မှာ ကျလို့နဲ့တူပါတယ်"

ဟု ပန်းချီပညာနှင့် ပတ်သက်သည့် အလင်းအမှောင်စပ်ပုံများကိုသာ ပြောကြားလျှက်ရှိသည်။

နောက်တစ်နေ့၌ အောင်သိဒ္ဓိစက်လှေကြီးသည် ဘုန်းကြီးလမ်းဆိပ်ကမ်းမှ ထွက်ခွာသွားလေသတည်း။

* * * * *

၁၄ ရက်ခန့် အကြာတွင် မောင်ကျော်တင့်ထံမှ တင်တင်စိန်ထံသို့ စာတစ်စောင်ရောက်ရှိလာရာ ၎င်းမှာ မော်လမြိုင်မှထည့်လိုက်သော စာဖြစ်၏။ ရန်ကုန်မှ ထွက်ခဲ့ပြီးနောက်လမ်းခရီးတွင် မည်သို့သွားလာရပုံ၊ ရာသီဥတုကောင်းမွန်သာယာပုံ၊ မော်လမြိုင်မြို့မှ မကြာမီထွက်၍ ကုလားကုပ်ကျွန်းအနီးတစ်ဝိုက်တွင်(၄-၅)ရက်ခန့်ရှာဖွေပြီးနောက် ထားဝယ်မြို့သို့ဆက်လက်ထွက်ခွာမည့်အကြောင်း ဦးဝင်းရှိန်အိမ်သားစုနှင့်တကွ အားလုံးမိတ်ဆွေသင်္ဂဟများပါ ကျန်းမာ ချမ်းသာစေရန် ဆုမွန်တောင်းကာ အစဉ်အမြဲ သတိရလျက်ရှိကြောင်းဖြင့် ပါရှိလေသည်။

နောက်(၁၂)ရက်ခန့်အကြာတွင် ထားဝယ်မြို့မှ စာတစ်စောင် ရောက်ရှိလာပြန်၏။ ထိုအချိန်တွင် မောင်ကျော်တင့်တို့၏ အောင်သိဒ္ဓိစက်လှေကြီးသည် ထားဝယ်ကမ်းခြေ၏ အရှေ့ဘိုင်း ကမ်းရိုးတန်းတစ်လျှောက် မြောက်ဘက်"မောစကော့"

•

နှင့် မောင်ဘကံ "မောစကော့" တစ်ဝိုက်တွင် (၄)ညတိုင်တိုင် ရှာဖွေခဲ့ကြောင်း၊ သို့သော် တစုံတရာ အစအန မရသေး ကြောင်း၊ သို့ဖြစ်၍ တားဝယ်သို့ပြန်လာကာ နောက်တစ်နေ့တွင်မြိတ်သို့ ဆက်လက်သွားမည်ဖြစ်ကြောင်း၊ မကြာမီပျောက်ဆုံးသူများ၏ သတင်းအစအနကို ရရှိလိမ့်မည်ထင်ကြောင်းနှင့် ပါရှိလေသည်။

အချိန်သည် တဖြည်းတဖြည်း ကုန်လွန်သွားရာ မောင်ကျော်တင့် ထွက်သွားသည်မှာ ၁ လနှင့် ၁၇ ရက်မျှကြာခဲ့လေပြီ။ နောက်ထပ် မောင်ကျော်တင့်ထံမှ စာမရောက်တော့ချေ။ နေ့ရက်အချိန်များသည်သာ ကုန်လွန်၍ လာခဲ့လေသည်။

တင်တင်စိန်မှာ စာရသင့်လျက် မရသည့် အချိန်မှစ၍ နေ့စဉ်နှင့်အမျှ မျက်ရည်နှင့်မျက်ခွက် ရှိနေခဲ့၏။ ဆောင်းကုန်၍ နွေဦးပေါက်သို့ ဝင်ရောက်လာခဲ့လေပြီ။

တစ်နေ့သော ညနေစောင်းတွင် ဦးဝင်းရှိန်သည် အိမ်ရှေ့စည့်ခန်းရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာစာအုပ်ကို ဖတ်လျက်ရှိရာ တင်တင်စိန်က ထမင်းစားခန်းအဝင်အဝတွင်ရှိသော ဆိုဖာပေါ်တွင် စာထိုးလျက်ရှိ၏။ ပန်းချီဆရာမောင်ဝင်းစိန်မှာမူ စည့်ခန်းအစွန်ဆုံးရှိ ခေါင်းရင်းဘက်မှန်ပြတင်းပေါက်၌ အပြင်သို့ခါးတစ်ပိုင်းထွက်ကာ နွေဦးရာသီဥတုကိုခံစားရင်း သာယာလှပသော ရန်ကုန်မြို့တစ်ဘက်ကမ်း၏ ရှုမျှော်ခင်းကို ကြည့်ရှုလျက်ရှိလေသည်။

ဒေါ်မိမိကြီးနှင့် အစေခံမိန်းမမှာ နောက်ဖေးဆောင်တွင် ရှိနေကြသဖြင့် တစ်အိမ်လုံးမှာ တိတ်ဆိတ်လျက်ရှိနေပြီး လျှင် အိမ်ရှေ့ခန်းရှိ လူ ၃ ယောက်တို့မှာ ကိုယ့်အတွေးနှင့်ကိုယ်





ငြိမ်သက်စွာ ရှိနေကြလေသည်။

ထိုအခါ၌ အိမ်ရှေ့စည့်ခန်းဆီမှ လေအေးကလေးကသို့ အအေးဓာတ်တစ်ခု သုတ်၍ ဝင်လာဘိသကဲ့သို့ ဦးဝင်းရှိန်က ထင်မှတ်လိုက်ပြီးလျှင် ကျောထဲတွင် စိမ့်ကနဲ ဖြစ်၍သွား၏။ ထိုအအေးဓာတ်သည် တဖန် တင်တင်စိန် ထိုင်နေသောနေရာသို့ ရောက်သွားဘိသကဲ့သို့ တင်တင်စိန်လည်း စံမားလိုက်မိ၏။ ဦးဝင်းရှိန်က တင်တင်စိန်အား ကြည့်လိုက်ရာ တင်တင်စိန်နှင့် မျက်လုံးချင်းဆုံမိလေသည်။

"အေးလိုက်တဲ့ လေကလေးနယ် အကိုကြီးရယ်၊ တင်တင်ဖြင့် ကြက်သီးကို ဖြန်းခနဲ ထသွားတယ်"

"အေး ငါလဲ စိမ့်ခနဲ ဖြစ်သွားတယ်"

"ဘာလဲ လေတိုက်တာလား အကိုကြီး"

"လေလဲ မတိုက်ပါဘူးကွယ် မှုန်ိုက်နေတဲ့ အထဲမှာ ဘယ်လေအေးမှလဲ မတိုက်ပါဘူး"

တင်တင်စိန်သည် စာကိုဆက်လက်ထိုးလျက်ရှိ၏။ ထိုအခါ၌ ဦးဝင်းရှိန်သည် မိမိနှင့် မျက်နှာချင်းဆိုင် ထမင်းစားခန်း စားပွဲထိပ်နံရံ၌ရှိသော မောင်ကျော်တင့်၏ပုံတူကို လှမ်း၍ ကြည့်လိုက်မိ၏။ ဤကဲ့သို့ ကြည့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ဦးဝင်းရှိန်မှာ ခေါင်းနပန်းကြီးကာ လန့်ဖျပ်၍သွားလေသည်။ ဦးဝင်းရှိန်မြင်ရသော အရာများကား ထူးဆန်းအံ့ဩဖွယ်ကောင်းလှပေ၏။

မောင်ကျော်တင့်၏ ပုံတူ ဦးခေါင်းနေရာတွင် လူ၏ ဦးခေါင်းခွံကြီးရှိနေလျက် မျက်တွင်းဟောက်ပက် ပါးစပ်ဟောင်းလောင်းဖြစ်ကာ သွားများမှ ပြောင်လက်သောအရောင်

များပင် ထွက်လျက်ရှိသည်ကို မြင်လိုက်ရလေ၏။

"မောင်ကျော်တင့် မောင်ကျော်တင့် အလို ဘုရား ဘုရား"

ဟု ဦးဝင်းရှိန်သည် စိတ်ထဲက ရေရွတ်လိုက်လေသည်။

သို့နှင့် မိမိ မျက်လုံးများကိုပင် မယုံကြည်နိုင်ဘဲ ကုလားထိုင် မှထကာ မောင်ကျော်တင့် ပုံတူကားကြီး ချိတ်ထားရာသို့ ခပ်ဖြေးဖြေး လျှောက်သွားလေသည်။ သို့သော် အနီးသို့ ရောက်သောအခါ၌တွင်မူ ယခင်က ကြောက်မက်ဖွယ်ကောင်းသော မျက်တွင်းဟောက်ပက်နှင့် ဦးခေါင်းခွံကြီးသည် မျက်စိအောက်မှ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီးနောက် အသားများ ပြည့်တက်၍လာကာ မူလပုံတူအတိုင်းသာ ရှိနေတော့၏။

ခေါင်းရင်းဘက် မှန်ပြူတင်းပေါက်တွင် စွပ်ကျယ်လက်ပြတ်ကိုဝတ်ကာ အပြင်ဘက်သို့ ခါးတစ်ပိုင်းထွက်နေသော မောင်ဝင်းစိန်သည် ဧည့်ခန်းအတွင်းသို့ လေအေးကလေးလာကြောင်း ဦးဝင်းရှိန်နှင့် တင်တင်တို့ပြောသံကို နားစွန်နားဖျား ကြားလိုက်ရသဖြင့် အိမ်ထဲသို့ ဝင်လာပြီးနောက် ဦးဝင်းရှိန်အား

"အကိုကြီးတို့ အခုတင်က ဘာပြောတယ် လေအေးဆိုလား ဘာဆိုလား ကျွန်တော်ကြားလိုက်ပါတယ်"

"အေး ဒါပဲဖြစ်မှာပေါ့"

"မဟုတ်ပါဘူး အကိုကြီးရယ်၊ လေအေးတိုက်လာတယ်ဆိုရင် ကျွန်တော်အရင်ဆုံးသိမှာပေါ့၊ ကျွန်တော်က အကျီလက်ပြတ်နဲ့ အပြင်ဘက်ထွက်နေတဲ့ အကောင်ဘဲ"





"အင်း မင်းပြောတာလည်း ဟုတ်တယ်ဟော့၊ မင်းတော့ ဘာမှ မသိလိုက်ဘူးနော်"

"မသိပါဘူး အကိုကြီးရယ်၊ အကိုကြီးတို့ ပြောမှပဲ ကြားလိုက်ရတယ်"

"ဒါထက် မင့်ကို တစ်ခုပြောရဦးမယ်၊ အဲဒီလိုလေအေးကလေး ဝင်လာပြီးတဲ့နောက် မင်းဆွဲတဲ့ မောင်ကျော်တင့်ရဲ့ ပုံတူကားကြီး ငါလှမ်းကြည့်လိုက်မိတယ်။ ဟင် မပြောပါနဲ့တော့ကွယ်။ သူ့မျက်နှာ နေရာမှာ လူ့ဦးခွံ အရိုးခေါင်းကြီး ပေါ်လာတယ်ဟော့။ မျက်တွင်းဟောက်ပက် သွားကြီးဖြီးဖြဲသနေသလိုပဲထင်လိုက်ရတယ်။ ငါတော့ မဟုတ်ခါမှလွဲရော မောင်ကျော်တင့်တစ်ယောက်တော့ မရှိတော့ဘူး ထင်တယ်ကွယ်"

"အို မဟုတ်တာ အကိုကြီးကလည်း အကိုကြီးအဲဒီလို မြင်ရတာ ပန်းချီလှည့်စားမှုတစ်ရပ် အကိုကြီးရဲ့၊ ဒီပုံကို ကျွန်တော်ဆွဲတုန်းက သူ့မျက်နှာကို သေသေချာချာ တိုင်းတွာပြီး အနေအထားမှန်အောင် အောက်ခံအရိုးပုံ အကြမ်းသွန်းလောင်းပြီးမှ အပေါ်က သူ့အသားနဲ့ တူအောင်အသားသွင်းပြီး မှန်းယူတာ ဒီတော့ အခုလို နေဝင်ရီတရော အခန်းထဲက အမှောင်ထုကို အပြင်ကဝင်လာတဲ့ အလင်းရောင်ထိုးလိုက်တော့ အတွင်းက လူ့ခေါင်းခွံ ပေါ်လာတာနဲ့ တူပါတယ် အကိုကြီးရယ်။ တကယ့်ပန်းချီကားကောင်းတွေဟာ တစ်ခါတစ်ခါ ဒီလိုဖြစ်တတ်တယ်။ ပြီးတော့ ကိုကျော်တင့်နဲ့ ဧည့်သည်ထမင်းကျွေးတဲ့ညက ကြည့်ပါလား ဟိုဆရာဝန် ကိုထွန်းကြိုင် ဆိုတဲ့လူဟာ ကိုကျော်တင့် ပုံကြီးက သူ့သွားရာလိုက်ပြီး တကယ့်လူအရှင်လိုမျက်လုံးကြီးနဲ့ကြည့်နေတာ ကြောက်ပါတယ်လို့ ပြောတယ်

မဟုတ်ဘူးလား။ အဲဒါလဲ အကိုကြီး မြင်သလို ပန်းချီလှည့်စားမှုတစ်မျိုးပေါ့ အကိုကြီးရဲ့"

"အေးကွယ် မင်းပြောတာလဲ ဟုတ်ချင် ဟုတ်မှာပဲ၊ နို့ပေမယ့် လေအေးကလေး ဝင်လာသလို အကိုကြီးရော၊ တင်တင်စိန်ရော ကျောထဲစိမ့်နေ့ ဖြစ်သွားတဲ့အချက်ရယ်၊ ပြီးတော့ သူ့ပုံကို ကြည့်လိုက်တဲ့အခါ အရုလိုဖြစ်သွားတဲ့ အချက်ရယ်၊ စပ်ကြည့်လိုက်တော့ အင်း အကိုကြီးတော့ သိပ်စိတ်မကောင်းလှဘူး။ နို့ပေမယ့် လွှဲပါစေ၊ ဖယ်ပါစေ အောက်မေ့ရတာပဲ၊ အေး ဒီကနေ့ ဘယ်နှစ်ရက်လဲ"

"ဖေဖော်ဝါရီလ ၇ ရက် အကိုကြီး"

"ဒါဖြင့် ဒီကနေ့ ရက်စွဲကို မင့်ဒိုင်ယာရီထဲ မှတ်ထားလိုက်စမ်း"

"ဟုတ်ကဲ့ ကျွန်တော် မှတ်လိုက်ပါမယ်"

ဦးဝင်းရှိန်လည်း မိမိညီငယ်နှင့် ဆက်လက်မငြင်းခုံလိုသဖြင့် စကားလက်စကို ဖြတ်လိုက်၏။ စကားပြတ်သွားပြီးနောက် မောင်ဝင်းစိန်သည် အဝတ်အစားလဲကာ အပြင်ဘက်သို့ ထွက်သွားလေရာ ဦးဝင်းရှိန်လည်း ဤအကြောင်းများကို မိမိ၏ ဇနီးသည်မိမိကြီးအား ထိုညဉ့်၌ ပြန်ပြောင်းပြောပြလျက်ရှိလေသည်။

(ဒေါ်မိမိကြီးက ငိုသံပါကြီးဖြင့်) "ဟုတ်မှာပါပဲ ကိုဝင်းရှိန်ရယ်၊ လေအေးကလေး ဝင်လာတယ်ဆိုတာကလဲ သူနဲ့ပဲတူတယ်၊ ပြီးတော့ သူ့ပုံတူကားကြီးမှာလာပြီး ကိုယ်ထင်ပြတာပဲ၊ ဒီလိုဆိုရင် တင်တင်တော့ ဒုက္ခပဲ၊ ကျုပ်တို့ ကိုယ်ကျိုးနည်းကြပြီ ကိုဝင်းရှိန်"





"မင်းကလည်းကွယ် ငိုသံပါကြီးနဲ့ တင်တင်ကြွားပါဦးမယ်၊ တင်တင် ဟိုဘက်ခန်းမှာ ရှိတယ်မဟုတ်လား"

"ရှိပါတယ် ချမ်းတယ်ပြောတာနဲ့ ငန်းဆေး တစ်ခွက်တိုက်ပြီး စောင်ခြုံပေးခဲ့တယ်"

"ဒီအကြောင်းများ လေသံမှသွားပြီး မဟလိုက်နဲ့နော်"

"မပြောပါဘူးရှင် မဟုတ်တာပဲ"

"ပြီးတော့ သေချာသေးတာလဲ မဟုတ်ဘူး၊ ထင်ချက်ပဲရှိပါသေးတယ်"

"မောင်ဝင်းစိန် ကိုတော့ ရှင်မြင်ရတာ ပြောသေးသလား"

"ပြောတာပေါ့ကွယ် နို့ပေမယ့် ဒီအကောင်က အရူးပဲ၊ ပန်းချီရူး ရူးနေတာ မိမိကြီးရဲ့၊ အဲဒီလို အရိုးခေါင်းပုံကြီးထင်လာတာ သူ့ပုံဆွဲတုန်းက အရိုးပုံကို ပထမ အောက်ခံအကြမ်းဆွဲထားလို့ အလင်းနဲ့အမှောင် ရောစပ်နေတဲ့ အချိန်မြင်ရတာပါတဲ့။ ကိုင်း ဘယ်နှယ်လဲ"

"သူပြောချင်သလို ပြောပါစေလေ၊ သူပြောတဲ့ အတိုင်းဟုတ်ပါစေလို့ ဆုတောင်းရတာပဲ"

"အေး ငါလဲ ဒီလိုပဲဆုတောင်းပါတယ်ကွယ်၊ တကယ်များ ဟုတ်ရင်တော့ တင်တင် ကိုယ်ကျိုးနည်းရှာပြီ"

ထိုအချိန်တွင် ဦးဝင်းရှိန်မှာ သတင်းစာများကို ဖတ်၍ မောင်ကျော်တင့်တို့ သတင်းကိုပင် နားစွင့်လျက် ရှိတော့၏။

နောက် ၅ ရက်ခန့် ကြာသောအခါ တစ်နေ့သော ညနေစောင်း၌ မောင်ဝင်းစိန်သည် မျက်စိမျက်နှာ မကောင်းဘဲ၊ ကျောင်းမှ ပြန်လာရာ တိုက်အောက်ထပ်တွင် ဦးဝင်းရှိန်နှင့်မိမိ

ကြီးတို့အား အခန့်သင့်ပင် တွေ့ရှိရလေသည်။

"မမလေးကော"

မိ ။ "အပေါ်ထပ်မှာ အိပ်နေတယ်၊ ဘာဖြစ်လာတာလဲ၊ ပျာယီးပျာယာနဲ့"

"ကိုကျော်တင့်လေ ကိုကျော်တင့်"

ရှိန် ။ "အင်းလေ မောင်ကျော်တင့် အကြောင်းဘာများ ကြားရလို့လဲ"

(အိတ်ထဲမှ ခေါက်၍ထားသော သတင်းစာတစ်စောင် ထုတ်ယူပြီးနောက်)"ဟောဒီ ညနေသတင်းစာထဲမှာ ပါလာတယ်။ အကိုကြီး ဖတ်ကြည့်စမ်း"

ဦးဝင်းရှိန်သည် သတင်းစာ တစ်နေရာမှ သတင်းတစ်ခုကို ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရှိရလေသည်။

အောက်သိဒ္ဓိစက်လှေကြီးပြန်ရောက်လာပြီ

(သတင်းထောက်အမှတ်——)

လွန်ခဲ့သော နို့ဝင်ဘာလအတွင်းက ရန်ကုန်မြို့မြိတ်သွား "ရွှေစင်ယော်" စက်လှေကြီး ပျောက်ဆုံးနေသည်ကို ရှာဖွေရန် ရန်ကုန်မြို့မှ ဒီဇင်ဘာလ(၂၉)ရက်နေ့ထွက်ခဲ့သော အောင်သိဒ္ဓိ စက်လှေကြီးသည် ထားဝယ် မြို့မှတဆင့် မြိတ်မြို့သို့ ရောက်ရှိပြီးနောက် မြိတ်မြို့၌ စခန်းချပြီးလျှင် မြိတ်ကျွန်းစု အပါအဝင် (King Island) ခေါ် ကျွန်းကြီး၏ တောင်စူးစူးရှိ ကျွန်းတန်းကလေးများ အနီးတစ်ဝိုက်၌ ရွှေစင်ယော် စက်လှေကို ရှာဖွေလျက်ရှိစဉ် ၎င်းကိုယ်တိုင် လေမုန်တိုင်းမိ၍ ပျောက်ဆုံးနေခဲ့၏။ မြိတ်မြို့မှ အကျိုးပတ်သက်





သည့် လူများမှာ ၎င်းကိုပင် လိုက်လံရှာဖွေရတော့မည် ဆဲဆဲရှိစဉ် လွန်ခဲ့သော ဗုဒ္ဓဟူးနေ့ညက မြိတ်မြို့သို့ ချောမောစွာရောက် ရှိလေသည်။ နောက်တစ်နေ့၌ ကျွန်ုပ်တို့ သတင်းထောက် သွားရောက်စုံစမ်းရာ အောင်သိဒ္ဓိလှေကြီးမှာ ထိုကျွန်းတန်းကလေး၏ တောင်ဘက်ဆုံးကျွန်း၏ အနောက်ဘက် (၆)မိုင်အကွာလောက်တွင် လေမုန်တိုင်းမိကာ လေမုန်တိုင်းဒဏ်ကို (၃)ရက်(၄)ည အလူးအလဲ ခံရပြီးနောက် မုန်တိုင်းအရှိန်ဖြင့် အနောက်မြောက်သို့ လွင့်စင်ပါသွားပြီးလျှင် နောက်တစ်နေ့မေမေါ်ဝါရီလ ၈ ရက်နံနက်စောစောတွင်မှ မြိတ်ဘက်သို့ ပြန်၍လာနိုင်ကြောင်း၊ ပြင်းထန်လှသော လေ၏ အရှိန်ကြောင့် ရွက်တိုင် ခါးလယ်က ကျိုးကျကာ ပင်လယ်ပြင်တစ်ခုလုံးမှာလည်း မြင့်မားသော လှိုင်းလုံးကြီးများဖြင့် မဲမှောင်လျက်ရှိကြောင်း၊ လိုက်ပါသူများမှာ မိမိတို့ အသက်များကို စွန့်ပစ်ရတော့မည်ဆဲဆဲတွင် ပုံနှင်းကြီးဦးဘဦး၏ လုံ့လ ဝီရိယ ကျွမ်းကျင် လိမ္မာမှုကြောင့်သာ ယခုကဲ့သို့ လွတ်မြောက်လာခြင်းဖြစ်ကြောင်းနှင့် စီးနင်းလိုက်ပါ လာသူများထံမှ သိရကြောင်း၊ သို့သော် ဝမ်းနည်းဖွယ်တစ်ချက်မှာ ထိုအောင်သိဒ္ဓိစက်လှေကို ခေါင်းဆောင်သည့် ငါးပိပွဲစားကြီးဦးဘထွန်း၏ လက်ထောက်အဖြစ် လိုက်ပါလာသော ရန်ကုန်မြို့ အကောက်တော်ရုံးမှ အကောက်တော် အရာရှိ ကိုကျော်တင့်ဆိုသူမှာ ဒုတိယနေ့ ညနေ

နေဝင်ရီတရောအချိန်၌ မုန်တိုင်း ပြင်းထန်နေသည့် အတွင်း ပျောက်ဆုံးသွားရာ လှေကြီးအပြင်း အထန် လှုးလှိမ့်နေရာတွင် လှေပေါ်မှ စင်ကျသွားသည် ဟု ယူဆရကြောင်းနှင့် ကျွန်ုပ်တို့ သတင်းထောက်အား ပွဲစားကြီးဦးဘထွန်း ကိုယ်တိုင်က ပြောပြလိုက် ကြောင်း"

ဦးဝင်းရှိန်သည် သတင်းစာကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။ မိမိကြီးမှာ မျက်ရည်များကျပြီးလျှင် ရှိုက်၍လာရာ စိတ်သဘော အတော်အတန် ခက်ထန်သော မောင်ဝင်းစိန်ပင်လျှင် မျက်ရည်ပေါက်ကြီးများ ကျ၍လာတော့၏။

ရှိန် ။ "ကိုင်း မောင်ဝင်းစိန်က ဒီသတင်းစာကို သိမ်းထား တင်တင်စိန်မသိစေနဲ့နော်၊ မနက်ဖြန်မနက် သတင်းစာကြီးထဲ မှာလည်း ပါလိမ့်ဦးမယ်"

စိန် ။ "ဟုတ်ကဲ့ အကိုကြီး ကျွန်တော် သိမ်းထားပါမယ်"

(ဦးဝင်းရှိန် မိမိကြီးဘက်သို့လှည့်လျက်)"မင်းကလည်း မျက်ရည်များ ဆည်စမ်းပါကွယ်။ ဒီအကြောင်းသိရင် ကောင်မလေး တက်သွားလိမ့်မယ်"

မိ ။ "နို့ပေမယ့် မပြောလို့ ဖြစ်မလား ကိုဝင်းရှိန်"

ရှိန် ။ "မဖြစ်တော့ မဖြစ်ဘူးပေါ့ကွယ် အေးအေးနဲ့အမြန်ပြော ရမယ့် ကိစ္စပေါ့။ နို့ပေမယ့် ဖြန်းကနဲသိစေလို မဖြစ်သေးဘူးလို့ ပြောတာပဲ၊ ဘယ်နှယ်လဲ မောင်ဝင်းစိန်၊ ဟိုနေ့ကလေ လေအေးကလေး ဝင်လာတယ်၊ ပြီးတော့လဲ သူ့ပုံတူကားကြီးမှာ အရိုးခေါင်းကြီးလို့ အကိုကြီး မြင်လိုက်ရတယ်ဆိုတာ။ တစ်ခြား မဟုတ်ဘူး မောင်ဝင်းစိန်၊ သူ့ဝိညာဉ် ဒီရောက်လာတာကွဲ့၊ မင်း





ယုံရဲ့လား"

"ဟုတ်ကဲ့ အခုတော့ ယုံပါပြီ အကိုကြီး"

"ပြီးတော့ လှေကြီးဟာ ဖေဖေါ်ဝါရီလ ၉ ရက်နေ့ မနက်ကျမှ မြိတ်ကို ပြန်ရောက်တယ်ဆို"

"ဟုတ်ကဲ့"

"ပြီးတော့ မုန်တိုင်း ကျပြီးတဲ့နောက် ဒုတိယနေ့ ဆိုတော့ ဖေဖေါ်ဝါရီလ ၇ ရက်နေ့မဟုတ်လား"

(ဒိုင်ယာရီကို ယူ၍ ကြည့်ပြီးနောက်)"ဟုတ်ကဲ့ မှတ်သား လိုက်ပါတယ်"

"ကြည့်စမ်း ဘယ်နေ့လဲ"

"ဖေဖေါ်ဝါရီလ ၇ ရက်"

"အချိန်က နေဝင်ရီတရော အချိန်နော်"

နောက်တစ်နေ့ နံနက်စောစော၌ ဦးဝင်းရှိန်နှင့် မောင်ဝင်းစိန်တို့သည် တိုက်အောက်ထပ်တွင် သတင်းစာများ အလာကို စောင့်ဆိုင်းလျက် ရှိကြရာ မကြာမီ မိမိကြီးသည်လည်း အောက်ထပ်သို့ ဆင်းလာခဲ့လေ၏။ သူတို့သည် မောင်ကျော်တင့် အကြောင်းကိုသာ စဉ်းစားနေကြဟန်ဖြင့် လွှမ်းစွာ စကားနည်းလျက် ရှိကြလေသည်။ မကြာမီ သတင်းစာများ ရောက်လာ၍ ဖတ်ကြည့်ရာ သတင်းစာ ၂ စောင်စလုံး၌ပင် ယမန်နေ့က သတင်းမျိုး ပါလာပြီးလျှင် မြန်မာအလင်းသတင်းစာ၌မူ "အောင်သိဒ္ဓိ"လှေကြီးမှာ ယခုအခါ မြိတ်မြို့တွင်လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ တစ်ပတ်အတွင်းပြီးစီး လိမ့်မည်ဖြစ်၍ ပြီးလျှင် ရန်ကုန်သို့ အင်အားဖြည့်တင်းဦးမည် ဖြစ်ကြောင်း၊ ရှာဖွေသူများသည် အားမလျှော့သေးဘဲ အင်အား

Quality Publishing House

ဖြည့်တင်းပြီးနောက် နောက်တစ်ကြိမ် ဆက်လက် ရှာဖွေဦးမည်ဖြစ်ကြောင်းနှင့် ခေါင်းဆောင်ဦးဘထွန်းက ပြောပြကြောင်း၊ အဘယ်ကြောင့်ဆိုသော် မုန်တိုင်းမကျမီ တစ်နေ့ ညနေစောင်း၌ သူတို့သည် "အယ်လဖင်တောန်" ကျွန်း၏ အနောက်တောင်ဘက် ၁၀ မိုင်အကွာရှိ ကျွန်းကလေးတစ်ကျွန်း အနီးမှ အမှတ်မထင်ဖြတ်လာစဉ် ထိုကျွန်းကလေး အလယ်လောက်တွင် မတ်စောက်သော ကျောက်ကမ္ဘားရုံကြီး နှစ်ခုရှိနေ၍ ၎င်းကျောက်ကမ္ဘားရုံကြီးနှစ်ခုအကြားတွင် ခပ်မည်းမည်း အရာတစ်ခုနှင့် ရွက်တိုင်ကဲ့သို့ ချွန်ထက် မတ်စောက်သော အရာတစ်ခုကိုတွေ့မြင်ခဲ့ရကြောင်း၊ ကျွန်းအနီးသို့ ချဉ်းကပ်မည် ကြံသော်လည်း ရေမှာ ထိုကျောက်ကမ္ဘားနှစ်ခုအကြားမှ ပင်လယ်ပြင်ဘက်သို့ အပြင်းအထန်စီးဆင်းနေသည်ပြင် လေပြင်းကလည်း ၎င်းဘက်မှပင် တိုက်ခတ် စပြုလာသဖြင့် ကျွန်းကလေးအနီးသို့ မချဉ်းကပ်နိုင်ကြောင်း၊ ဤသို့ အစအန ထူးဆန်းစွာ တွေ့ရသည်ကို စိတ်မကျေနပ်သေးသဖြင့် ဦးဘထွန်းသည် ရန်ကုန်သို့ပြန်ပြီးနောက် ထိုထက်ကြီးသော စက်လှေဖြင့် အချိန်ကြာမြင့်စွာရှာဖွေရန် စီစဉ်ဦးမည်ဖြစ်ကြောင်း စသည်ဖြင့် ပါရှိလေသည်။

ရှိန် ။ "ကိုင်း မောင်ဝင်းစိန်၊ ဒီဟာတွေဘတ်နေလို့ ကိစ္စမပြီးသေးဘူး။ ဒီသတင်းပါတဲ့ အရွက်ကို အမှတ်တမဲ့ ဖြတ်ယူထားလိုက်စမ်း"

မီ ။ "ဟုတ်တယ် မောင်ဝင်းစိန်၊ လုံအောင်ဝှက်ထားလိုက်စမ်းပါကွယ်။ ငါဖြင့် မနေ့ညကများ အိပ်လို့တောင်မရဘူး၊ သူ့မျက်နှာချည်း မြင်ယောင်နေတယ်"





ရှိန် ။ "ငါကတော့ မောင်ကျော်တင့်ဟာ အင်မတန်သန်မာတောင့်တင်းပြီး လုံ့လဝီရိယရှိတဲ့ လူတစ်ယောက်ဖြစ်ရပ်နဲ့ လှေပေါ်က ကျသွားတယ်ဆိုတဲ့ အချက်ပဲ စဉ်းစားနေတယ်"

မီ ။ "သြော် ဒီဟာမျိုးဟာ မတော်တဆ ဖြစ်ချင်ဖြစ်တက်တာမျိုးပဲ ကိုဝင်းရှိန်ရဲ့၊ ပြီးတော့ မှောင်ကြီးကျပြီး မုန်တိုင်းကလည်း အပြင်းအထန် တိုက်နေတယ် ဆိုတာပဲ"

ထိုခဏတွင် မောင်ဝင်းစိန်သည် လှေကားဘက်သို့ ကြည့်လိုက်ပြီးနောက်

"ဟော မမလေး ရောက်နေတယ်"

ဟု အလန့်တကြား ဟစ်အော်လိုက်လေ၏။ မည်သည့်အချိန်က ရောက်နေသည်မသိ၊ တင်တင်စိန်သည် လှေကားအလည် ဘိနပ်ချွတ်၌ရပ်ကာ အိမ်သားများအား မျက်ရည်ဝိုင်းလျက်ရှိသော မျက်လုံးဖြင့် ကြည့်နေသည်ကို မြင်ရလေ၏။

စိန် ။ "ကိုင်းလေ သတင်းစာတွေ သိမ်းနေစရာ မလိုပါဘူး၊ အကိုကြီးတို့ မောင်လေးတို့ ပြောတာ တင်တင် အားလုံးကြားပါပြီ"

မီ ။ "မဟုတ်သေးပါဘူး တင်တင်ရဲ့၊ သတင်းစာဆိုတာ မှန်ချင်မှ မှန်တာပါ၊ ပြီးတော့......"

စိန် ။ "မဟုတ်ပါဘူး အကိုကြီးရယ်၊ ကျွန်မအားလုံးသိပြီးပါပြီ၊ သြော် ကိုကျော်တင့် ကိုကျော်တင့် ဖြစ်မှဖြစ်ရလေ ကိုကျော်တင့်ရယ်၊ အသဲနာစရာကောင်းလိုက်ပါဘိနော်၊ တင်တင့်စကားကို နားမထောင်လို့ ဒီလိုဖြစ်ရတာ၊ ကိုကျော်တင့် ကိုကျော်တင့်"

ထိုနောက် တင်တင်စိန်သည် အရပ်ကြိုးကို ဖြတ်ချ

လိုက်သကဲ့သို့ နေရာ၌ပင် ပုံ၍ လဲကျသွားလေ၏။ သုံးဦးစလုံးပင် ထိုနေရာသို့ ပြေးသွားကြရာ တင်တင်စိန်မှာ သတိမေ့နေကို တွေ့ရသဖြင့် မောင်ဝင်းစိန်က အိမ်ပေါ်ထပ်သို့ ပွေ့ချီယူသွားရလေသည်။

၁ နာရီခန့် ကြာသည့် တိုင်အောင် သတိမရသေးသဖြင့် ဆရာဝန်ကိုပင် ခေါ်ယူရ၏။ ဤသို့ဖြင့် တင်တင်စိန်မှာ ၃၊ ၄ ရက်ခန့်မျှ အိပ်ရာပေါ်တွင် လဲလျောင်းရှိရာ ၅ ရက်မြောက်သောနေ့မှ ထူထူ ထောင်ထောင် နေထိုင်ခဲ့လေသည်။

* * * * *

ယခင်က သာယာပျော်ရွှင်ခဲ့သော ဦးဝင်းရှိန်၏ အိမ်ကြီးသည်ကား ယခုအခါ ဝမ်းနည်း ပူဆွေးခြင်း၊ စိတ်နှလုံးညှစ်ညူးမှုယ်ကောင်းခြင်းတို့ဖြင့် လွှမ်းခြုံရစ်ပတ်ခြင်း ခံနေရလေပြီ။

နောက် ၃၊ ၄ ရက်ခန့် ကြာသောအခါ တစ်နေ့သော ညနေခောင်း၌ ဦးဝင်းရှိန်သည် ရုံးမှစပ်စောစော ဆင်းလာသဖြင့် ခေါ်မိမိကြီးသည် တင်တင်စိန်ကို ခေါ်၍ အိမ်နီးနားချင်း မိတ်ဆွေများ၏ ကားဖြင့် ကန်တော်ကြီးဘက်သို့ သွားရောက်လည်ပတ်လျက်ရှိလေ၏။

ဦးဝင်းရှိန်သည် အိမ်ရှေ့စည့်ခန်းတွင် သတင်းစာတစ်စောင်ကိုဖတ်လျက်ရှိရာ ဦးဝင်းရှိန်ထိုင်သော ကုလားထိုင်မှာ ထမင်းစားခန်း၏ နောက်ဘက်နံရံနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ မောင်ကျော်တင့်၏ ပုံတူကားကြီးကို ကောင်းစွာမြင်နိုင်၏။

သို့ရှိစဉ် အောက်ထပ် တံခါးအပြင်ဘက်မှ လူခေါ်ခေါင်းလောင်းသံကို ကြားရသဖြင့် ဦးဝင်းရှိန်လည်း နေမှထကာ အပြင်မှ လူတစ်ယောက် ခေါ်နေကြောင်း၊ လူကိုသိလျှင်





တံခါးဖွင့်ပေးလိုက်ရန်အကြောင်း၊ အစေခံအား အမိန့်ပေးလိုက်လေသည်။ ထိုခဏတွင် ဦးဝင်းရှိန် အမှတ်တမဲ့ မောင်ကျော်တင့်၏ ပုံတူကားပေါ်သို့ မျက်စိရောက် သွားလေသည်။ ထိုအချိန်၌ မောင်ကျော်တင့်၏ လက်တစ်ဖက်သည် အပေါ်သို့ မြှောက်လာပြီးနောက် ဦးဝင်းရှိန်အား တနုံတရာသတိပေးသည့် အနေနှင့် လက်ဝါးကာပြသကဲ့သို့ ဦးဝင်းရှိန်၏ စိတ်တွင်ထင်မှတ်လိုက်မိ၏။ သို့နှင့် ဦးဝင်းရှိန်သည် ထရံအနီးသို့ တိုးသွားပြီးလျှင် မောင်ကျော်တင့်၏ ပုံကိုအသေအချာကြည့်ရာ လက်မှာ ပကတိအတိုင်းရှိနေ၏။ ပုံ၏မျက်နှာတည့်တည့်ပေါ်တွင် သွေးစက်ကဲ့သို့ နီနီအစက် ၂ စက်ကိုတွေ့မြင်ရ၏။ နီးကပ်စွာ ကြည့်ရှုသောအခါ နီနီအစက် ၂ စက်ကို တွေ့မြင်၏။ နီးကပ်စွာကြည့်ရှုသောအခါ အစက် ၂ စက်မှာ သွေးရောင် ကဲ့သို့ ချင်းချင်းနီလျက်ရှိပြီးလျှင် ၎င်းအနီး၌လည်း လက်သည်းဖွဲ့ခန့်ရှိ အတောင် တစ်ဖက်ဖြူ တစ်ဖက်နီ လိပ်ပြာကလေး တစ်ကောင်ကို ထူးဆန်းစွာ တွေ့ရလေသည်။ လိပ်ပြာကလေးမှာ မလှုပ်မရှက် ရှိနေသဖြင့် ဦးဝင်းရှိန်သည် အသာဖမ်းယူလိုက်ပြီးလျှင် မှောက်၍ ထားသောဖန်ခွက် တစ်လုံး၏ ဖင်ပေါ်၌ ဖြေးညှင်းစွာ တင်၍ ထားလိုက်၏။

မကြာမီ အစေခံ သူငယ်ကလေးသည် အိမ်ပေါ်သို့ တက်လာပြီးနောက် မောင်ကျော်တင့်တို့ စက်လှေနှင့် ပါသွားသော ဆရာဝန် ကိုထွန်းကြိုင်ဆိုသူက မိမိနှင့် တွေ့ဆုံလိုကြောင်း ပြောကြားလာသဖြင့် ဦးဝင်းရှိန်လည်း အိမ်ပေါ်သို့ လွှတ်လိုက်ရန် သူငယ်ကလေးအား အမိန့်ပေးလိုက် လေသည်။

"အော် ဒါထက် မောင်ထွန်း"

"ဟုတ်ကဲ့ ဆရာ"

"မင့် မမနဲ့ ဒေါ်လေးတို့ အပြင်ကို သွားနေတယ်ကွဲ့"

"ဟုတ်ကဲ့"

"သူတို့ပြန်လာရင် အိမ်ပေါ်ကိုမတက်စေနဲ့ဦး၊ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေလို့ နောက်ဖေးခန်းထဲမှာ ဝင်ပြီး စောင့်နေကြဦးလို့ ပြောလိုက်ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"ကိုင်း ဧည့်သည်ကို အိမ်ပေါ် လွှတ်လိုက်ပေတော့"

တခဏမျှ ကြာသောအခါ ဆရာဝန်မောင်ထွန်းကြိုင်သည် အိမ်ပေါ်သို့ တက်လာလေ၏။ မောင်ထွန်းကြိုင်၏ရုပ်မှာ ယခင်ကကဲ့သို့ မဟုတ်တော့ပဲ သုံးပုံတစ်ပုံခန့် ပိန်ကြုံ၍ သွားပြီးလျှင် နားထင်များသည်လည်း အောက်သို့ချိုင့်ဝင်လျက်ရှိသည်။ သွေးရောင်များလွှမ်းကာ ယခင်က ပြည့်ဖြိုးခဲ့သော မျက်နှာမှာလည်း စက္ကူတစ်ချပ်ကဲ့သို့ ဖြူဖတ်ဖြူရော် ရှိနေ၏။

ဦးဝင်းရှိန်သည် စိတ်မပါလှဘဲ အနီးရှိ ကုလားထိုင် တစ်လုံးကို လက်ညှိုးထိုး၍ ပြလိုက်သည်။

မောင်ထွန်းကြိုင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီးနောက် သူထိုင်သောကုလားထိုင်မှာ မောင်ကျော်တင့် ပုံတူကားနှင့် မျက်နှာချင်းဆိုင်ရှိနေသဖြင့် ဦးဝင်းရှိန်အား ပုံတူကားကို အဝတ်တစ်စုဖြင့် အုပ်လိုက်ရန် တောင်းပန်သည့်အတိုင်း ဦးဝင်းရှိန်က စားပွဲခင်းဖြင့် အုပ်ထားလိုက်ရလေသည်။

"ကျွန်တော် ကောင်းကောင်းမမောဘူး အကိုကြီး"

"အင်းလေ မောင်ထွန်းကြိုင် ကြည့်ရတာ အင်မတန်





ပိန်သွားတာပဲ"

"ဟုတ်ပါတယ် ဒါနဲ့ အကိုကြီးတို့လည်း သတင်းစာတွေဖတ်ရရောပေါ့။ ကိုကျော်တင့်အကြောင်း ပြောရမှာကတော့ ဝမ်းနည်းစရာ ကောင်းတဲ့ သတင်းပါပဲခင်ဗျာ"

(သက်ပြင်းချလျက်)"အင်း သူ့ကုသိုလ် အတိုင်းပေါ့ လေ၊ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ့်ဖန်တီးကြတာပဲ၊

ထို့နောက် ဆရာဝန် မောင်ထွန်းကြိုင်လည်း သူတို့ ခရီးလမ်းစဉ် အကျဉ်းချုပ်နှင့်တကွ လေပြင်းမုန်တိုင်း မိပုံ အကြောင်း၊ ဒုတိယနေ့တွင် မုန်တိုင်းမှာ ပိုမိုပြင်းထန်လာပြီး လျှင် ပင်လယ်ပြင်တစ်ခုလုံး မှောင်အတိကျပြီးနောက် လှိုင်းလုံး များသည်လည်း တစ်ခါတရံ လှေပေါ်သို့ ကျော်၍ပင် သွားတတ် ကြောင်း သူတို့လှေမှာ ရွက်တိုင်များကို ဖြုတ်ရခြင်း၊ ခေါက်ရ ခြင်း၊ ကြိုးများကို ရှင်းလင်းရခြင်း စသည်ဖြင့်လွန်စွာ အလုပ် များလျက်ရှိစဉ် တစ်ကြိမ်တွင် လှိုင်းလုံးကြီးတစ်လုံးသည် လှေ နံကို အပြင်းရိုက်ခတ်ရာ လက်ရမ်းအနီး၌ လူ ၃၊ ၄ ယောက် လဲကျသွားသည်ကို မှောင်ထဲတွင် မထင်မရှား မြင်လိုက်ရ ကြောင်း၊ နောက် လေအတန်ငယ် ငြိမ်သက်သွားသော အခါ တွင် မောင်ကျော်တင့်ကို မတွေ့ရတော့ကြောင်း၊ ဤအကြောင်း ကို ခေါင်းဆောင်ဖြစ်သူ ဦးဘထွန်းသို့ မိမိပင် သွားရောက်ပြော ဆိုခဲ့ပြီးကြောင်း၊ လူ ၂ ယောက် ၃ ယောက်သည်လှေကြီးစောင်း သွားစဉ် လက်ရမ်းကို ကိုင်ထားရာမှ ၎င်းတို့အထဲမှ မောင်ကျော် တင့်မှာ လက်လွှတ်ပြီးလျှင် ပင်လယ်ထဲလွင့်စင်သွားဟန်တူ ကြောင်း၊ ထိုအချိန်တွင် လှိုင်းတံပိုးများကလည်း ပြင်းထန်ပြန် မှောင်ကလည်း မှောင်ပြန် ခရီးကလည်း အတော်ဝေးဝေး

ရောက်လာပြန်သဖြင့် မည်သည့်နည်းနှင့်မျှ မောင်ကျော်တင့်အား ရှာဖွေရန် မဖြစ်နိုင်တော့ကြောင်း၊ လေ့သားများနှင့်အတူ ဦးဘထွန်းကိုယ်တိုင်ပင် ယူကြုံးမရ ဖြစ်ရကြောင်းဖြင့် ပြောပြလေသည်။

ကြိုင် ။ "သတင်းစာတွေထဲမှာလဲပါလို့ အကိုကြီးတို့သိပြီးလောက်ပြီဆိုတာလည်း သိပါတယ်။ နို့ပေမယ့် ကျွန်တော်မှာတော့ အင်မတန်ချစ်တဲ့ မိတ်ဆွေဖြစ်လို့ လာပြောတို့ ဝတ္တရားရှိတယ်ဆိုပြီး လာပြောရတာပါ ခင်ဗျာ"

"ဒီလိုလာပြောတာ ကျေးဇူးတင်ပါတယ် ဆရာလေးရယ်။ နို့ပေမယ့် ကျုပ်တစ်ခုပြောချင်တာက ကျုပ်ရော၊ မောင်ဝင်းစိန်ရော အလုပ်သွားနေတဲ့အခါ အိမ်မှာ ယောကျ်ားဆိုလို့ ဘယ်သူမှ ရှိတာမဟုတ်ဘူး။ ပြီးတော့ အိမ်မှာ သမီးပျို သားပျိုနဲ့ဆိုတော့ အိမ်အဝင်အထွက်ကိုတော့ ဒီကနေ့ကစပြီး နည်းနည်း ဆင်ခြင်စေချင်တယ်"

"ကောင်းပါပြီ ခင်ဗျာ ကျွန်တော်သိပါပြီ။ ပြီးတော့ အလို ကျွန်တော် ဘယ်လိုဖြစ်မှန်းမသိဘူး။ ချမ်းလိုက်တာ အရိုးထဲက စိမ့်လာတယ်"

မောင်ထွန်းကြိုင်သည် အပေါ်အင်္ကျီကို လည်ပင်းကော်လာဆီမှနေ၍ ခပ်တင်းတင်း ဆွဲယူလိုက်သည်။

"မောင်ထွန်းကြိုင် သိပ်အားနည်းနေတယ်။ ကိုင်းလေ အခန်းဘက်လာပါ"

မောင်ထွန်းကြိုင်သည် ထမင်းစားခန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေရာ ဦးဝင်းရှိန်သည် ဘီရိုအတွင်းမှ ဘရန်ဒီပုလင်းကို ယူခဲ့ပြီးလျှင် မောင်ထွန်းကြိုင်အား တစ်ခွက်





တိုက်လိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အကိုကြီးရယ်။ အလို အလို လုပ်ပါဦး၊ ဟိုဟာ ဟိုဟာ"

"မောင်ထွန်းကြိုင်သည် စကားပြောနေရာမှ ဦးဝင်းရှိန်နောက်ဘက်သို့ လက်ညှိုးထိုးပြပြီးလျှင် သူ၏မျက်နှာမှာလည်း သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူလျော် ဖြစ်သွားပြီးနောက် ကုလားထိုင်ပေါ်၌ပင် သတိမေ့ကာ ခေါင်းငိုက်စိုက်ကျသွားလေ၏။ ဦးဝင်းရှိန်လည်း နောက်သို့လှည့်ကြည့်လိုက်ရာ မောင်ကျော်တင့်ပုံမှာ အောက်သို့ ပြုတ်ကျလျက်ရှိကြောင်း တွေ့ရသဖြင့် ပြန်၍ ဖုံးထားလိုက်သည်။

ဦးဝင်းရှိန်သည် အစေခံခေါ် ခေါင်းလောင်းကလေးကို ထိုးလိုက်သဖြင့် ချက်ခြင်းလိုပင် အစေခံမောင်ထွန်းနှင့် မောင်ဝင်းစိန်တို့ ထမင်းစားခန်းထဲသို့ ဝင်လာကြ၏။ သို့နှင့် သူတို့အားလုံးပင် မောင်ထွန်းကြိုင်အား သတိရအောင် ဝိုင်းဝန်းပြုစုကြရာ မကြာမီ မောင်ထွန်းကြိုင်လည်း သတိရလာလေသည်။

ရှိန် ။ "ကိုင်း မောင်ထွန်းကြိုင် ဘရန်ဒီတစ်ခွက် ထပ်သောက်လိုက်ဦး"

"ကျွန်တော်မကြာကြာ ဒီလိုပဲဖြစ်တတ်တယ် ခင်ဗျာ။ အားကလည်း အင်မတန် နည်းတယ်။ အလို ယောဒီမှာ လိပ်ပြာနီကလေးပါလား။ ကျွန်တော်အရင် ဘိတ်ကလူများ ဒီကိုဘယ်သူရောက်လာသေးသလဲ"

"ဘယ်သူမှ မလာသေးပါဘူး ဘာဖြစ်လို့လဲ"

"ဒီလိပ်ပြာမျိုးဟာ အင်မတန် ဝေးလံတဲ့ ဘိတ်ကျွန်းစုများမှာတွေ့ရတတ်တယ်ခင်ဗျ။ ပြီးတော့ ဒီအကောင်မျိုးဟာ

သူ့ကိုယ်ထဲက သွေးလိုအရောင်နီနီ အရည်တွေကို ညှစ်ထုတ်တတ်တယ်။ နှင်းဆီပွင့်အဖြူတို့၊ ပေါက်ပွင့်အဖြူတို့ပေါ်မှာ သူနားလိုက်ရင် ပန်းပွင့်တစ်ပွင့်လုံး နီရဲသွားတာပဲ။ အကောင်က အနီတစ်ဖက်၊ အဖြူတစ်ဖက်မို့ လိပ်ပြာနီလို့ခေါ်တယ်။ ဆလိုလူမျိုးတွေကတော့ ဒီအကောင်မျိုးကို မင်္ဂလာမရှိဘူးဆိုပြီး တွေ့တဲ့နေရာမှာ တစ်ခါတည်း သတ်ပစ်ကြတာပဲ။ နေပါဦး ဒီအကောင်မျိုး ဒီကိုရောက်လာတာ ထူးဆန်းပါတယ်"

"ဘယ်လို ရောက်တယ်လို့တော့ မပြောတတ်ဘူး။ မောင်ကျော်တင့်ရဲ့ ပုံတူ မျက်နှာပေါ်က တွေ့တာပဲ။ ပြီးတော့ သူကပ်နေတဲ့ နေရာများမှာ ဆရာလေးပြောတဲ့အတိုင်း သွေးရည်လိုလို နီနီအရည်နှစ်စက်တွေ့ရတယ်။ အလို ပေဘာဒီ ဖန်ခွက်ပေါ်မှာတောင် အနီစက်ကလေးတွေ တွေ့ပါကလား"

"အပြင်ဘက်ကို မြန်မြန်ပစ်လိုက်ပါ ခင်ဗျာ။ ဒီအကောင် မျိုးကြည့်ရတာ စိတ်မချမ်းသာပါဘူး"

ထိုနောက် ဦးဝင်းရှိန်လည်း စကားရှည်နေမည် စိုးသဖြင့် မောင်ထွန်းကြိုင်အား သူတည်းခိုသောအိမ်သို့ ဆိုက်ကားနှင့် လိုက်ပို့ရန် အိမ်စေသူငယ်အား ညွှန်ကြားလိုက်လေသည်။

* * * * *

နောက် ၄ ရက်ခန့် ကြာသောအခါ ဦးဝင်းရှိန်သည် ရုံးကိစ္စများသဖြင့် အိမ်သို့ ၆ နာရီခန့်မှ ပြန်၍ ရောက်ခဲ့ရာ အိမ်အပေါ်ထပ် ထမင်းစားခန်းတွင် မိမိကြီး၊ မောင်ဝင်းစိန်နှင့်တကွ အိမ်အစေခံများပါ ဆရာဝန်မောင်ထွန်းကြိုင်အား ဝိုင်းဝန်းပြုစုလျက် ရှိနေသည်ကို တွေ့ရလေ၏။ မောင်ကျော်တင့်၏ ပုံတူကားကြီးသည်လည်း နံရံ၌မရှိတော့ပဲ ထမင်းစားခန်း





အောက်တွင် ထောင်ထား၏။ မောင်ထွန်းကြိုင်မှာ ယခင်က ထိုင်သွားဖူးသော ကုလားထိုင်ပေါ်တွင်ထိုင်ကာ သတိမရတစ်ချက် ရတစ်ချက်ရှိနေ၏။ သူ့ခေါင်း၌လည်း ၂ လက်မခန့် ဒဏ်ရာတစ်ခုရှိရာ ၎င်းမှသွေးများ အဆမတန် ထွက်၍နေလေသည်။ သူမရောက်မီ အိမ်၌ ဖြစ်ပျက်သော အကြောင်းအရာများကို ဒေါ်မိမိကြီးနှင့် မောင်ဝင်းစိန်က ပြန်ပြောသဖြင့် အောက်ပါအတိုင်းသိရှိရလေသည်။

ထိုနေ့ညနေ ၄ နာရီလောက်က ဆရာဝန် မောင်ထွန်းကြိုင် ရောက်ရှိလာရာ ထိုအခါက ဒေါ်မိမိကြီးမှာ ရွှေတောင်တန်းရှိ ညီမများအိမ်သို့ အလည်သွားနေသဖြင့် အိမ်အပေါ်ထပ်တွင် တင်တင်စိန် တစ်ယောက်သာရှိ၏။ တင်တင်စိန်ကမူ မောင်ထွန်းကြိုင်အား ဝတ္တရားအတိုင်း ဣန္ဒြေမပျက်ဧည့်ခံရာ မောင်ထွန်းကြိုင်က မောင်ကျော်တင့်၏ ပုံတူကားကြီးကို မကြည့်ဖူးသဖြင့် ထိုကားကိုကျောပေးပြီးလျှင် ထိုင်လိုကြောင်း ပြောသဖြင့် သူ့အား ကားကြီးအောက်တည့်တည့်တွင် ရှိသော ကုလားထိုင်၌ ထိုင်စေ၏။ မောင်ကျော်တင့် သေဆုံးပုံကို ပထမ စ၍ ပြောပြရာ တင်တင်စိန်က မကြားလိုကြောင်း ခွဲနိုးပြောလိုက်မှ စကားရပ်သွား၏။ ထိုအခါတွင် မောင်ထွန်းကြိုင်သည် အိမ်တွင် လူကြီးများမရှိသဖြင့်တစ်ကြောင်း၊ မောင်ကျော်တင့် သေဆုံးသွားပြီဖြစ်၍ မိမိအပေါ်တွင် စိတ်လည်၍ လာလိမ့်မည်ဟု ထင်မှတ်သဖြင့်တစ်ကြောင်း တင်တင်စိန်အား ချစ်ကြိုက်စကားပြောလေရာ တင်တင်စိန်က "ဟဲ့ခွေး နင်ခွေးစကား မပြောနဲ့၊ ကိုကျော်တင့်ဟာ သေပေမယ့် ဟိုပုံကြီးက နင်အခု ပြောတာ နားထောင်နေတဲ့အတိုင်းပဲ" ဟုပြောလိုက်လေ၏၊

ထိုခဏ၌ ၃ လက်မပတ်လည် ကျွန်းသားဘောင်ကြီး ထပ်၍ ရိုက်ထားသော ဆီဆေးရောင်စုံကားကြီးသည် "ဝုန်း"ကနဲပြုတ်ကျလေရာ မောင်ထွန်းကြိုင် ဦးခေါင်းကိုထိကာ မောင်ထွန်းကြိုင်သတိမေ့၍ သွားခြင်းဖြစ်လေသည်။

ရှိန် ။ "ကိုင်း မိမိကြီးရေ ကျုပ်တို့ ဒီလိုကြည့်နေလို့မဖြစ်ဘူး။ ဒေါက်တာသာဦး ခေါ်ဦးမှပဲ။ သူ့ကို ကျုပ်တို့မှန်းတယ်ပဲထားဦး။ အခုဖြစ်တာက ကျုပ်တို့အိမ်ထဲမှာ ဖြစ်နေတယ်၊ ပြီးတော့ ဒီလိုဘေးထွက်သံယို ဖြစ်ရတာလည်း ကျုပ်တို့ထမင်းစားခန်းမှာ ဆွဲထားတဲ့ ပုံကြီးပြုတ်ကျလို့ ဖြစ်ရတာ ဆိုတော့ အိမ်သည် ဝတ္တရားသာမကဘူး၊ ကျုပ်တို့ တာဝန်မကင်းဖြစ်နေတယ်"

မိ ။ "ဒီဟာဖြင့် ကိုဝင်းရှိန် သဘောပေါ့လေ"

သို့နှင့် မောင်ဝင်းရှိန်အား ရွှေတောင်တန်းမှ ဆရာဝန် ဦးသာဦးအား အခေါ်လွှတ်ရလေ၏။ ဦးသာဦး ရောက်လာသောအခါ ဦးဝင်းရှိန်မှာ မိမိရုံးမှ မပြန်မီ ကလေးအတွင်းတွင်မှ ဤသို့ဖြစ်ရကြောင်း၊ မောင်ထွန်းကြိုင်ကိုယ်တိုင်ပင် ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း၊ ၎င်းမှာ ပွဲစားကြီး ဦးဘထွန်းတို့ ကော်လေဂျ်ဖြင့် ပြတ်ကျွန်းစုသို့ ခရီးထွက်ရာမှ ပြန်ရောက်လာသည်မှာမကြာသေးကြောင်းဖြင့် တင်တင်စိန်အား ပိုးပန်းနေသည့် အဖြစ်အပျက်မှလွဲ၍ အကုန်အစင် ပြောပြလေ၏။ ဦးသာဦးလည်း လူနာအား ဘရန်ဒီတစ်ချက်လောက် တိုက်ပြီးလျှင် ဆေးထိုးပေး၏။ ထိုနောက် ဦးခေါင်းမှ ဒဏ်ရာကို ကြည့်ရှုစစ်ဆေးပြီးလျှင် ဆေးများထည့်ပေးလေသည်။

ဦး ။ "ဒဏ်ရာက သိပ်ကြီးတဲ့ ဒဏ်ရာမဟုတ်ဘူး။ နို့ပေ





မယ့် ဒီဒဏ်ရာလောက်နဲ့ ယောကျ်ားကြီး တစ်ယောက်လုံး သတိမေ့သွားတယ်ဆိုတာ အတော်ဆိုးတယ်"

ရှိန် ။ "ဆေးရုံပို့ရင် ကောင်းမလားဆရာ"

"ခင်ဗျားတို့နဲ့တော့ ခင်မင်တဲ့ လူတစ်ယောက်ပဲ မဟုတ်လား"

ထိုအခါ ဦးဝင်းရှိန်မှာ မိမိကြီး၏မျက်နှာကို တစ်ချက်ကြည့်ပြီးနောက်"ဟုတ်ပါတယ်" ဟုဖြေလိုက်၏။ "ဒါဖြင့်ဒီညတော့ ဒီအိမ်မှာပဲ ခေတ္တထားနိုင် ထားစေချင်တယ်ဗျာ၊ လူနာကို နည်းနည်းမှ မလှုပ်ရှားစေချင်ဘူး၊ ပြီးတော့ ဒီဒဏ်ရာနဲ့ သတိမရတစ်ချက် ရတစ်ချက်ဖြစ်နေတာ ကျုပ်တော့အားမရဘူး။ နို့ပေမယ့် ကိစ္စမရှိပါဘူးလေ။ ကျုပ်ဆေး ၃ ခွက်ပေးခဲ့မယ်၊ ပြီးတော့လည်း ပြန်ခါနီး ဆေးထိုးပေးခဲ့ဦးမယ်"

"ဟုတ်ကဲ့ ဒေါက်တာ ဒေါက်တာသဘောအတိုင်းပဲ၊ ကျွန်တော် အဝတ်လဲတဲ့ အခန်းထဲမှာ သူ့ကိုရွှေ့ထားပါမယ်"

ဆေးများထိုးပေးပြီးနောက် ဒေါက်တာဦးသာဦးလည်း ပြန်သွား၏။ မောင်ဝင်းစိန်နှင့် မောင်ထွန်းတို့လည်း မောင်ထွန်းကြိုင်အား ပွေ့ချီကာ ဦးဝင်းရှိန်အဝတ်အစားလဲသော နောက်ဖေးဘက်အခန်းရှိ တစ်ယောက်အိပ် ကုတင်ပေါ်သို့ မောင်ထွန်းကြိုင်အားရွှေ့ပြောင်းကြလေသည်။ ထိုနောက် ဦးဝင်းရှိန်လည်း မောင်ထွန်းကြိုင်ထားသော အခန်းတွင် မောင်ထွန်းအား စောင့်၍ အိပ်စေ၏ ။ မိမိကြီးမှာလင်ဖြစ်သူအား ကြောက်ရွံ့သဖြင့်သာ တစုံတရာမပြောပဲရှိနေရာ တင်တင်စိန်မှာမူ အခန်းထဲမှ မထွက်ဘဲ စိတ်ကောက်လျက် ရှိလေသည်။

ထိုည ၉ နာရီလောက်တွင် မောင်ထွန်းကြိုင်သည်

သတိရလာ၍ ဦးဝင်းရှိန်နှင့် မောင်ဝင်းစိန်ပါ အခန်းထဲသို့ ရောက်လာပြီးလျှင် ဆရာဝန်ပေးသော ဆေးတစ်ခွက်ကို တိုက်လိုက်၏။ မောင်ထွန်းကြိုင်လည်း အိပ်ရာပေါ်သို့ ဖျတ်ကနဲ ငုတ်တုတ်ထိုင်ကာ ဦးဝင်းရှိန်နှင့် မောင်ဝင်းစိန်တို့အား မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြည့်နေပြီးနောက်

"ကျွန်တော် ဘယ်ရောက်နေတာလဲဟင် ကျွန်တော် ဘာပြောသေးလဲ"

ရှိန် ။ "ဆရာလေး ကျုပ်အိမ်ပေါ်ကို ရောက်နေတာပေါ့"

ကြိုင် ။ "ကျွန်တော် ဘာဖြစ်တာလဲ"

"ခေါင်းထဲကားကြီးပြုတ်ကျလို့ ဆရာလေးခေါင်းမှာ ဒဏ် ရာရသွားတယ်။ ပြီးတော့ သတိလစ်သွားတယ်"

"ကျွန်တော် ဘာများပြောမိသေးလဲဟင် ဟင်"

"ဘာဖြစ်လို့မေးတာလဲ၊ ဆရာလေး သတိလစ်တုံးက ဘာမှမပြောပါဘူး၊ ဆေးသောက်ပြီး အသာကလေး အိပ်နေပါ လေ။ စကားသိပ်မပြောနဲ့၊ ဆရာဝန်က မှာသွားတယ်"

ထို့နောက် မောင်ထွန်းကြိုင်သည် မျက်စေ့များကို မှိတ်၍သွားပြန်၏။ ဦးဝင်းရှိန်လည်း အိမ်စေမောင်ထွန်းအား အခန်းထဲမတတ်မီးများကို တည့်ညှိလုံးထွန်းထားရန်နှင့် နိုးနိုး ကြားကြားအိပ်ရန် ပြောထားခဲ့ပြီးနောက် အပြင်သို့ထွက်သွား လေ၏။

ထိုညဉ့် ၁၂ နာရီလောက်၌ တစ်အိမ်လုံး ငြိမ်သက်လျက်ရှိ၏။ တစ်အိမ်လုံး အိပ်မောကျလျက်ရှိရာ၊ တင်တင်စိန် နှင့် လူနာစောင့် မောင်ထွန်းတို့သာ နိုးလျက်ရှိလေသည်။ တင် တင်စိန်မှာ မောင်ကျော်တင့် ထူးဆန်းစွာသေဆုံးပုံကို တနုံ့နုံ့





စဉ်းစားမိသဖြင့် အိပ်မပျော်ဘဲရှိ၏။ မောင်ထွန်းမှာမူ ဦးဝင်းရှိန် က လူနာအား ကောင်းစွာစောင့်ရှောက်၍ နိုးနိုးကြားကြားအိပ် ရန် မှာကြားထားသဖြင့်တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း ကြောက်ရွံ့သဖြင့် မကြာခဏ အိပ်ရာမှ ဖျတ်ခနဲ ဖျတ်ခနဲ လန့်နိုးလျက်ရှိ၏။ နောက်ဆုံးအကြိမ်နိုးသောအခါ လူနာသည် ကုတင်ပေါ်တွင် မတ်တတ်ရပ်ကာ လေကိုလက်သည်းများဖြင့် ကုတ်ခြစ်ကာ ပါးစပ်မှလည်း "သွား သွား မလာနဲ့ မင်းလား၊ ဘယ်လေ ငါလုပ်လိုက်ရ ကိုင်းကွယ် ငါ့အကြောင်းသိပြီးလား ဟေ့ ကျော်တင့်" ဟုရေရွတ်လျက်ရှိလေ၏။

မောင်ထွန်းသည် အခန်းဝသို့ ထွက်ပြေးပြီးနောက် ဦးဝင်းရှိန်အား ဟစ်အော်၍ နိုးလေရာ တင်တင်စိန်ကပါ ကျွဲ "အကိုကြီး အကိုကြီး ထပါဦး၊ မောင်ထွန်း နိုးနေတယ်၊ ဟို အခန်းထဲမှာ ဘာဖြစ်မှန်းမသိဘူး" ဟုလှမ်း၍ ပြောလေ၏။ ဦးဝင်းရှိန်သည် အခန်းထဲသို့ဝင်သွားရာ မောင်ထွန်းနှင့် မိမိကြီး လည်း ၎င်းနောက်မှ လိုက်ပါလာကြလေသည်။

ထိုအချိန်တွင် မောင်ထွန်းကြိုင်သည် ကုတင်ပေါ် တွင် မတ်တတ်ရပ်ကာ အခန်းတွင်းဝင်လာသူများအား မမြင်ဘဲ တစ်စုံတယောက်နှင့် စကားပြောလျက်သူ၏ မျက်လုံးမှာလည်း ရှေ့သို့ပြူးကြောင်စွာ ကြည့်လျက်ရှိလေသည်။

"ဟေ့ ကျော်တင့် ငါ့အနားမကပ်နဲ့ သွား သွား ကြည့်စမ်း လာပြန်ပြီ၊ ရှိုးပါရဲ့ သူငယ်ချင်းရယ်၊ ငါ့အနားမ ကပ်ပါနဲ့ကွယ်၊ မင့်ကိုယ်ကြီး ကပ်လာရင် မူလွှန်းလို့ပါ၊ ပြီး တော့ ပုတ်စော်ကလည်းနံ့သနဲ့၊ ငါမှားပြီ မှားပြီ လေမုန်တိုင်း ကျတုန်းသူများတွေ မမြင်တဲ့အခိုက် ငါတွန်းချလိုက်တာ ဘယ်

သူ့မှမသိဘူးနော်၊ မင်းနဲ့ ငါပဲသိတယ်၊ မင့်အချစ်ကို ရမလား လို့ လုပ်မိတာသူငယ်ချင်း၊ အခု ကိုယ်ထင်တဲ့အတိုင်းမပေါက်တော့ဘူးပေါ့။ သွားလေ ငါပြောတာ မကြားဘူးလား။ ဝေးဝေး ကနေရှောင်ပေါ့။ ဘာဖြစ်လို့ ငါ့ကိုယ်ထဲလာပူးချင်ရတာလဲ။ သွားပါကွာ သွား သွား"

သို့ရှိစဉ် အစေခံ မောင်ထွန်းက" ဆရာ ဆရာ ကြည့်လိုက်စမ်းပါဦး။ သူ့အရိပ်ကြီးက ၂ ခုဖြစ်နေတယ်၊ ကြည့်ကြည့်" ဟုအလန့်တကြား ဟစ်အော်လိုက်သဖြင့် ဦးဝင်းရှိန်နှင့် ဒေါ်မိမိကြီးပါ မောင်ထွန်းပြသော နေရာသို့ ကြည့်လိုက်ရာ ဓာတ်မီးလုံးနောက်တွင် မတ်တတ်ရပ်နေသော မောင်ထွန်းကြိုင်၏ အရိပ်မှာ မီးရောင်တွင် ၂ ခု ထွက်နေသည်ကို ထူးဆန်းစွာ တွေ့မြင်ကြရလေ၏။

မီးလုံးနှစ်လုံး ထွန်းထားခဲ့ပါမှ လူတစ်ယောက်၏ အရိပ်မှာ နှစ်ခုထွက်ရန်အကြောင်းရှိသော်လည်း အခန်းထဲတွင် မီးလုံး တစ်လုံးသာ ရှိသဖြင့် ဤကဲ့သို့ဖြစ်ရသည်ကို ဦးဝင်းရှိန် ကိုယ်တိုင်တွေး၍ မရနိုင်အောင် ရှိခဲ့လေသည်။

"အောင်မယ် မင့်နောက်ကို လိုက်ရမယ် ဟုတ်စ၊ ဘာဖြစ်လို့လိုက်ရမှာလဲ သွားကွယ်၊ သွား သွား မင့်ကပ်နေတာ ငါ့ကိုယ်မှာ ပူလှပြီ"

ဟု မောင်ထွန်းကြိုင်သည် မပီကလာပီကလာ ဟစ်အော်လိုက်ပြန်လေသည်။

ဦးဝင်းရှိန်သည် အောက်ထပ်တွင် အိပ်နေသော သူညီ မောင်ဝင်းစိန်အားနိုးရန် အခန်းထဲမှ ပြေးထွက်ခဲ့ရာ မိမိကြီးနှင့် မောင်ထွန်းတို့လည်း မနေရစ်ဝံ့ကြသဖြင့် နောက်မှပါလာကြ





ပြန်၏။ တင်တင်စိန်မှာ သူ့အခန်းပေါက်ဝ၌ ရပ်ကာ အကျိုးအကြောင်း မသိရသေးသဖြင့် "ကျိုးကြည့် ကြောင်ကြည့်" ကြည့်၍ နေလေ၏။

ထိုခဏတွင် မောင်ထွန်းကြိုင် အခန်းဆီမှ အောက်ထပ်သို့လေးလံသော အရာဝတ္ထုတစ်ခု ကျသကဲ့သို့ "ဝုန်း" ခနဲ ကျသွားသံကို ကြားလိုက်ရသဖြင့် မိမိကြီးနှင့် တင်တင်စိန်တို့ပါ ယောင်၍ ဟစ်အော်လိုက်မိကြ၏။

မောင်ထွန်းသည် အခန်း တံခါးဝဆီသို့ ပြေး၍ ကြည့်ရာ အခန်းထဲ၌ မောင်ထွန်းကြိုင် မရှိတော့ချေ။

ဦးဝင်းရှိန်တိုက်အောက်ထပ်နှင့် အခြားကပ်လျက်ရှိသော ငါးပိဂိုဒေါင်ဆောင် ဒရဝမ်ကုလားနှစ်ယောက်တို့လည်း လန့်အော်ကြပြီးလျှင် တိုက်နှင့်ဂိုဒေါင်ကြားသို့ မီးအိမ်များဖြင့် သွားရောက်ကြရာ ဦးဝင်းရှိန်တို့အိမ်သားတစ်စုပါ လိုက်သွားကြလေသည်။

တိုက်နှင့် ဂိုဒေါင်အကြားရှိ ဒုတ်ခုံ သံမံတလင်းပေါ်၌ကား ပါးစပ်နှင့် နှာခေါင်းထဲမှ သွေးများထွက်ကာ အလျားမှောက်ကာ သေဆုံးလျက်ရှိသော ဆရာဝန်လေး မောင်ထွန်းကြိုင်၏ အလောင်းကို တွေ့ကြရလေသတည်း။

Quality Publishing House